


# ဒို့လုပ်နေတဲ့အလုပ်ဟာ
# နိဗ္ဗာန်ရောက်ကြောင်းအစစ်ပဲ

၂၁၉

ဟောကြားသည့်နေ့
(၂၇-၅-၆၂)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၂၅)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ဒို့လုပ်နေတဲ့အလုပ်ဟာ
# နိဗ္ဗာန်ရောက်ကြောင်းအစစ်ပဲ

ဟောကြားသည့်နေ့
(၂၇-၅-၁၉၆၂)

TSARPARAM RARY

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ဒို့လုပ်နေတဲ့အလုပ်ဟာ
# နိဗ္ဗာန်ရောက်ကြောင်းအစစ်ပဲ

ဟောကြားသည့်နေ့ (၂၇-၅-၆၂)

ဒီ. . . ဒကာ ဒကာမတွေမှာ ဘယ်ဟာ အပြစ်ကြီး သတုံး၊ တို့ဗုဒ္ဓဘာသာမှာ အပြစ်အကြီးဆုံးအလုပ်ဘယ်ဟာပါ လိမ့်မလဲလို့မေးလို့ရှိရင် ပြောကြမှာပဲ၊ အမိသတ်တဲ့ကံ၊ အဖသတ်တဲ့ကံ၊ ရဟန္တာသတ်တဲ့ကံ၊ ဘုရားကို သွေးစိမ်းတည် အောင် လုပ်တဲ့ကံ၊ သံဃာသင်းခွဲတဲ့ကံ ပဉ္စာနန္တရိယကံပေါ့၊ ဒါကိုတော့ လူတိုင်းသိပြီးသကာလနေကြတယ်၊ သြော်. . . ဒီကံဟာဖြင့် ပြုမိပြီဆိုမှဖြင့် ဘယ်နည်းနဲ့မှ မလွတ်တော့ဘူး

ငရဲကျမှာပဲ၊ ဒါလောက်တော့ ဦးအောင်ဇံဝေတို့လည်း သိထား တယ်နော် (မှန်ပါ့) မဟုတ်ဘူးကွတဲ့၊ ဘုရားက သူ့ထက်ကြီးတာ ရှိသေးတယ်။

## အပြစ်အကြီးဆုံးအလုပ်ဟာဘာလဲ

ဒကာ ဒကာမတို့ ဘာတဲ့တုံး (သူ့ထက်ကြီးတာရှိပါသေး တယ့်ဘုရား) သူ့ထက်ကြီးတာ ရှိသေးတယ်ဆိုတာ သေသေ ချာချာမှတ်ရမယ်နော် . . . (မှန်ပါ့)။

သူ့ထက်ကြီးတာ ရှိသေးတယ်ဆိုတဲ့ဥစ္စာက ဘာတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာငါးပါးရှိတယ် . . . (မှန်ပါ့) ခန္ဓာ ငါးပါးကို ငါထင်နေတဲ့အလုပ်၊ ဘယ်တော့မှလဲ ဆရာကောင်း သမားကောင်းနဲ့ မတွေ့လို့ရှိရင် မပြုတ်တော့ဘဲ ငါထင်နေတဲ့ မိစ္ဆာဒိဋ္ဌိ၊ အဲဒီ မိစ္ဆာဒိဋ္ဌိလောက်ကြီးတာ ငါဘုရား သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တဲ့အခါမှာ မမြင်ဘူးကွ တဲ့ . . . (မှန်ပါ့) ဆိုတော့ ပဉ္စာနန္တရိယကံထက် ကြီးတာကို သေသေ ချာချာ ဟောတယ်နော် . . . (မှန်ပါ့)။

## မိစ္ဆာဒိဋ္ဌိကအပြစ်အကြီးဆုံး

ပါဠိတော်ကို မှတ်လို့ရှိရင် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောတယ်။ မြတ်စွာဘုရားဟာ သဗ္ဗညုတ

ဉာဏ်တော်ကြီးနဲ့ ဝေဖန်လိုက်ပါတယ်။ ကံတွေထဲမှာ ဘယ်ကံဟာ အပြစ်အကြီးဆုံးပါလိမ့်မတုံးဆိုတော့ ပဉ္စာနန္တရိယကံကိုလည်း တွေ့တယ်၊ မိစ္ဆာဒိဋ္ဌိလဲတွေ့တယ်၊ အဲဒီတော့ မိစ္ဆာဒိဋ္ဌိက အပြစ်အကြီးဆုံးဖြစ်ပြီး သကာလနေတာကို၊ သဗ္ဗညုတဉာဏ်ချိန်ခွင်နဲ့ ချိန်လိုက်တဲ့အခါကျတော့ သူ့ကိုပဲ လာတွေ့တယ်ဆိုတော့၊ ဒကာ ဒကာမတို့ ခင်ဗျားတို့ခန္ဓာကိုယ်ကြီးကို ရုပ်တရားငါထင်၊ စားသောက်ကောင်းတဲ့ ဝေဒနာငါထင်၊ မြင်တဲ့စိတ်ကလေးကို ဝိညာဏက္ခန္ဓာကလေးကို ငါမြင်တယ်လို့ထင်၊ ငါလျှောက်တယ်လို့ထင် စေတနာအလုပ်ကို ငါလျှောက်တယ်လို့ထင်နေတယ်၊ အဲဒီသက္ကာယဒိဋ္ဌိ သူဟာ မိစ္ဆာဒိဋ္ဌိ အပါအဝင်ပဲ၊ အဲဒါဟာ အပြစ်အကြီးဆုံးပဲဟော့တဲ့ဆိုတော့ ပဉ္စာနန္တရိယကံနဲ့ မိစ္ဆာဒိဋ္ဌိ ဘယ်ဟာက ပိုကြီးသတုံး (မိစ္ဆာဒိဋ္ဌိကကြီးပါတယ်ဘုရား) ပဉ္စာနန္တရိယကံထက် မိစ္ဆာဒိဋ္ဌိက ပိုကြီးတယ် . . . (မှန်ပါ) မှတ်မိကြပလား (မှတ်မိပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ . . .

**နာဟံဘိက္ခဝေ အညံ့ဧကဓမ္မမ္ပိ သမနုပဿာမိ။**
**ယံ ဧဝံမဟာသာဝဇ္ဇံ ယထယိဒံ ဘိက္ခဝေမိစ္ဆာဒိဋ္ဌိ၊**
**မိစ္ဆာဒိဋ္ဌိ ပရမာနိ ဘိက္ခဝေ မဟာသာဝဇ္ဇာနိ။**

## ပဋ္ဌာနန္တရိယကံထက်ပိုကြီးတယ်

ဘုရားက ဟောလိုက်တယ်၊ ဒါကိုနားမလည်ပါဘူး ဒကာ ဒကာမတွေ ဘုန်းကြီးရှင်းပြောပါ့မယ်၊ ငါဟာတဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ကွာ . . . တဲ့၊ အလုံးစုံဝေဖန်ပြီး သကာလ ကြည့်ပါတယ်၊ ကံတွေထဲမှာ ဒိပြင် အကုသိုလ်ကံ တွေ နွားသတ်, ဖားသတ်ဆိုတဲ့ ကံတွေဟာ မကြီးပါဘူး၊ ပဉ္စာနန္တရိယကံဆိုတဲ့ အမိသတ်တဲ့ကံ, အဘသတ်တဲ့ကံ, ရဟန္တာ သတ်တဲ့ကံ, ဘုရားသွေးစိမ်းတည်အောင်လုပ်တဲ့ကံ, သံဃာ သင်းခွဲတဲ့ကံ ဒီငါးပါးကို အကြီးဆုံးထားကြတယ်၊ မဟုတ်ဘူးကွ တဲ့၊ မိစ္ဆာဒိဋ္ဌိကကြီးတာကွ. . တဲ့။

ဦးမြ ဘယ်သူက ကြီးသတဲ့တုံး . . . (မိစ္ဆာဒိဋ္ဌိကြီးပါ တယ်ဘုရား) မိစ္ဆာဒိဋ္ဌိက ကြီးတာလို့ သေသေချာချာ မှတ်ပါ (မှန်ပါ့ဘုရား)။

ကိုင်း . . . ဒကာ ဒကာမတို့ ပဉ္စာနန္တရိယကံနဲ့ မိစ္ဆာဒိဋ္ဌိ ဘယ်သူက ကြီးသတဲ့တုံး . . . (မိစ္ဆာဒိဋ္ဌိက ကြီးပါတယ်ဘုရား) မိစ္ဆာဒိဋ္ဌိကကြီးတယ်လို့မှတ်ထားလိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ မိစ္ဆာဒိဋ္ဌိကကြီးရပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက မေးတဲ့အခါကျတော့၊ ပဉ္စာနန္တရိယကံက နက်ဖြန်ကမ္ဘာပျက်မယ်၊ ယနေ့ ကံငါးပါး တစ်ပါးပါး ကျူးလွန် ထားတယ်ဆိုရင် တစ်ရက်သာ အဝီစိကျပြီး လွတ်ထွက်ပြေး

တယ်၊ ကမ္မာပျက်သွားလို့ . . . (မှန်ပါ) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်သူကမြဲသတုံး (မိစ္ဆာဒိဋ္ဌိက မြဲပါတယ်ဘုရား)၊ ပဋ္ဌာနန္တရိယကံ မြဲပါတယ်၊ သို့သော် နက်ဖြန် ကမ္ဘာပျက်မယ်ဆိုတော့ လွတ်သွားတယ် . . . (မှန်ပါ)၊ တစ်ရက်ခံပြီး လွတ်တယ်. . . (မှန်ပါဘုရား)။

ဒါကြောင့် ဘုရားက **"နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ"** ဘိက္ခဝေ = ရဟန်းတို့ အဟံ-ငါဘုရားသည်၊ အညံ = တစ်ပါးသော၊ ဧကဓမ္မမ္ပိ-တစ်ခုသော တရားမျှကိုလည်း၊ နသမနုပဿာမိ = ငါမမြင်ဘူးတဲ့၊ ဣဒံ = ဤအပြစ်

ကြီးတယ်ဟူသည်၊ ယထာ = အဘယ်သည်တို့နည်းဟူမူကား မိစ္ဆာဒိဋ္ဌိ = မိစ္ဆာဒိဋ္ဌိပဲ = (မှန်ပါ့ဘုရား)။

'ဘိက္ခဝေ၊ ရဟန်းတို့၊ မဟာသဝဇ္ဇာနိ၊ ကြီးသောအပြစ်ရှိသော အကုသိုလ်တို့သည်၊ မိစ္ဆာဒိဋ္ဌိပရမာနိ၊ မိစ္ဆာဒိဋ္ဌိလျှင် လွန်ကဲသော အတိုင်းအရှည်ရှိကုန်၏။' ဘုရားသေသေချာချာ ဟောတယ်. . . (မှန်ပါ့ဘုရား)၊ ကိုယ်တော်တိုင်ဟောတဲ့ ပါဠိတော်လို့ သေသေချာချာမှတ်ကြ . . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ဘယ်ဟာကကြောက်စရာကောင်းသတုံး

ဒါဖြင့် ပဉ္စာနန္တရိယကံနဲ့ မိစ္ဆာဒိဋ္ဌိဘယ်ဟာက ကြောက်စရာကောင်းသတုံး . . . (မိစ္ဆာဒိဋ္ဌိကပိုကြောက်စရာကောင်းပါတယ်ဘုရား)။

မိစ္ဆာဒိဋ္ဌိပိုကြောက်စရာကောင်းတယ်လို့ဆိုတော့ ဒီအထဲမှာ တရားထူးတရားမြတ်တွေ မနာရသေးတဲ့ ပုဂ္ဂိုလ်တွေ ရှိကြလို့ရှိရင် ဩော်. . . ငါတို့ မိစ္ဆာဒိဋ္ဌိပါကလားလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ဘယ်မှာ ဒီခန္ဓာကိုယ်ကြီးကို ရုပ်တရားကြီးကိုလည်း ငါ့လက်, ငါ့ခြေ ဒါ. . . တကယ်ထင်နေလို့ရှိရင်အပြောတင် ထင်တာမဟုတ်ဘူး၊ စိတ်ထဲက စွဲစွဲမြဲမြဲ ထင်နေလို့ရှိရင် ဒါ

. . . မိစ္ဆာဒိဋ္ဌိပဲ (မှန်ပါ)၊ ဦးအောင်ဇံဝေ ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား) ဦးမြကော . . . (ကျေနပ်ပါပြီဘုရား)။

မျက်လုံးကိုပဲ ငါထင်နေကြမယ်၊ မြင်စိတ်ကလေးကိုပဲ ငါထင်နေကြမယ် ဒါဘာဆိုကြမလဲ . . . (မိစ္ဆာဒိဋ္ဌိပါဘုရား) မိစ္ဆာဒိဋ္ဌိဆိုတော့ ဩော်. . . တို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် မိစ္ဆာဒိဋ္ဌိတွေပါလား၊ နာမည်က ဗုဒ္ဓဘာသာဖြစ်ပေမယ့်အယူက မိစ္ဆာဒိဋ္ဌိမစင်သေးပါကလားလို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့ ဘုရား)။

နာမည်က . . . (ဗုဒ္ဓဘာသာပါဘုရား) ယူထားတဲ့ အယူက . . . (မိစ္ဆာဒိဋ္ဌိမစင်သေးပါဘုရား) မိစ္ဆာဒိဋ္ဌိမစင်သေး တော့ အခုလို ဆရာကောင်းသမားကောင်းမှ ဒါကို, ခွဲကာ, ရှင်းကာ, လင်းကာ မပေးတော့ဘူးဆိုလို့ရှိရင် ခင်ဗျားတို့သည် မိစ္ဆာဒိဋ္ဌိနဲ့ပဲ သေပွဲဝင်ရမယ် . . . (မှန်ပါ့)။

## မိစ္ဆာဒိဋ္ဌိနဲ့သေရင် လွတ်ရက်မပါဘူး

မိစ္ဆာဒိဋ္ဌိနဲ့ သေပွဲဝင်လို့ရှိရင်ဖြင့် သူများ ကမ္ဘာပျက် လည်း တခြားသောကမ္ဘာသွားပြီးခံနေရုံပဲ၊ ဒီကမ္ဘာမှမြေရော, လေရော, ရေရော အောက်မှာ မရှိတော့ဘူးထား၊ ငရဲအိုး, ငရဲထိန်းတွေလည်းမရှိတော့ဘူးထား ဟိုဘက်ကမ္ဘာသွားပြီး ခံရုံပဲဆိုတော့ ဒိပြင်ကံထက် ဒီမိစ္ဆာဒိဋ္ဌိကံ အရေးကြီးတယ်ဆို တာ ယနေ့ည ရှင်းရှင်းလင်းလင်းပြောပါမယ် . . . (မှန်ပါ့)။

ပဋ္ဌာနန္တရိယကံဟာ အင်မတန်ကြီးတယ်လို့ အောက်မေ့ကြတယ်၊ မြေမျိုတယ်လို့တောင် ပြောနေကြတယ်၊ မြေမျိုတာဘာမှ အရေးမကြီးဘူး၊ မိစ္ဆာဒိဋ္ဌိက အဝီစိလည်း ကျသေးတယ်၊ ကြားထဲ လွတ်ရက်မပါလို့ သူကသာဆိုးတယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ပဋ္ဌာနန္တရိယက ကြားထဲမှာ လွတ်ရက်ရှိတယ် . . . (မှန်ပါ့) မိစ္ဆာဒိဋ္ဌိက . . . (လွတ်ရက်မရှိပါဘုရား)။*

အဲဒီတော့ ခင်ဗျားတို့ ရောင်းကာ, ဝယ်ကာနဲ့ ဟို-ဦးမြကြီးတို့က ဘာလုပ်-ညာလုပ်နဲ့နေပြီး ဒါတော့ အရေးတကြီး ငရဲမျိုးစေ့ကိုတော့ အရေးတကြီးဖြုတ်တာ မဟုတ်ဘူးလို့ ဆရာဘုန်းကြီးက ပြောနေတယ်၊ မပြောထိုက်ဘူးလား . . . (ပြောထိုက်ပါတယ်ဘုရား) ပြောထိုက်တယ်ဆိုတာ ဦးအောင်ဖေဝေ ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

## အပါယ်သွားမလို့လုပ်နေတာပော့

ဒါဖြင့် ဒကာ ဒကာမတွေက စီးပွားရေးဆိုတာ ခွေးတောင်ရှာစားနေတာပဲ၊ ခွေးလည်း ခွေးစီးပွားရေးရှိတာပဲ၊ မနက်ရှာတဲ့ကိစ္စဟာ မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာပါပဲ . . . တဲ့၊ ဒါက မအားလို့ဘုရား၊ အဝီစိကျမှာကြီးတော့ အခု

* ကမ္ဘာပျက်မည်ဆိုလျှင် လွတ်ရက်, လျှော့ရက်မျိုးကိုဆိုလိုသည်။

အရှင်ဘုရားပြောလို့သိပါပြီ၊ ကျချင်ကျပစေတော့ ရှာစားရတဲ့ အလုပ်ကလည်းမလွယ်ဘူးဘုရား့ဆိုလို့ရှိရင်လည်း ဒီခန္ဓာကြီး ကျွေးပြီးသကာလမှ အပါယ်သွားမလို့ လုပ်နေတာပေါ့. . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ . . . (ဒီခန္ဓာကိုယ်ကြီး ကျွေးပြီး တော့ အပါယ်သွားမလို့လုပ်နေကြတာပါဘုရား) အပါယ်သွား မလို့လုပ်နေတာ။

နွားကိုကျွေးတယ်ဆိုတာ ခိုင်းဖို့ကျွေးတာ၊ ကိုယ့် စီးပွားရေးလည်းပါတယ်၊ ခင်ဗျားတို့ဟာက ကျွေးပြီးတော့ ကိုယ့် စီးပွားရေး မပါဘူး . . . (မှန်ပါ့)။

## နွားကိုကျွေးတာကိုယ့်စီးပွားရေးပါတယ်

နွားကျွေးကြတယ်ဆိုတာက ကိုယ့်စီးပွားရေ ပါ-မပါ (ပါ-ပါတယ်ဘုရား) သူကိုနှစ်ကျပ်ရရင် တစ်ကျပ်ဖိုး ကျွေးမယ် ကွာ၊ တစ်ကျပ်ဖိုး တို့စားမယ်ကွာ၊ ဒီလိုစားလို့ရတယ်။ မင်းတို့ စီးပွားရေးကမိစ္ဆာဒိဋ္ဌိသာမဖြုတ်တော့ဘူးဆိုလို့ရှိရင် ဒီခန္ဓာကြီး တည်းဟူသော နွားကိုကျွေးလည်းကျွေး၊ ကျွေးပြီးတော့မှ ဒီခန္ဓာ တည်းဟူသော နွားနဲ့ အပါယ်သွားဆိုတော့ အမြတ်ပါသေးရဲ့ လား (မပါ-ပါဘုရား)၊ ဦးမြ အရေးကြီးပုံပေါ်ပလား (ပေါ်ပါ ပြီဘုရား) ဘာဘူတို့ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) သေသေချာချာ မှတ်ကြပါ။

ကိုင်း. . . ဒကာ ဒကာမတို့ ဘုရားက **'နာဟံဘိက္ခဝေ အညံ့ ဧကဓမ္မမ္ပိ သမနုပဿာမိ'၊** တစ်ပါးသော တရားကို ငါမမြင်ဘူးကွတဲ့၊ အပြစ်အကြီးဆုံးတွေ ငါရှောက်ရှာလိုက်တာ ပဉ္စာနန္တရိယကံဟာ အပြစ်ကြီးတယ်လို့ ထင်ပြားသော်လည်း မိစ္ဆာဒိဋ္ဌိလောက် မကြီးဘူး . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဦးမြ ဘယ်သူအကြီးဆုံးလဲ . . . (မိစ္ဆာဒိဋ္ဌိက အကြီးဆုံးပါဘုရား) မိစ္ဆာဒိဋ္ဌိဆိုတာ ငါ့သား, ငါ့မယား, ငါ့ပစ္စည်း, ငါ့ဥစ္စာလို့ တကယ်ထင်တယ်ဆိုတာပါ . . . (မှန်ပါ့) ပြောနေတာ ထင်တာမဟုတ်ပါဘူး၊ ပြောနေတာထင်တာမဟုတ်ပါဘူး တကယ်ထင်တာကို ဆိုနေတာပေါ့နော် . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## အရှယ်ကြီးသလောက် အဖိုးတန်ကြရဲ့လား

ဒါဖြင့် . . . ဒီ ဒကာ ဒကာမတွေမှာ အရေးမကြီးရမှာကြီး၊ ကြီးရမှာမကြီးဖြစ်နေတော့ အရွယ်ကြီးသလောက် အဖိုးတန်ကြပလားမေးရင် ဦးအောင်ဇံဝေ အဖြေထွက်စမ်း (အဖိုးမတန်သေးပါဘုရား) ဦးမြကြီးကောထွက်နိုင်ရဲ့လား. . . (ထွက်နိုင်ပါတယ်ဘုရား) အရွယ်ကြီးသလောက် အဖိုးမတန်

သေးဘူးဆိုတဲ့ အမိပ္ပာယ်သေသေချာချာ သေချာပါတယ်. . . (မှန်ပါ့) မောင်သိန်းတို့ သေချာပလား . . . (သေချာပါတယ် ဘုရား)။

ဒါဖြင့် အခု ဆရာသမားက ပြောတာလား ဘုရားက အကြီးဆုံးအပြစ်လို့ ပြောတာလား . . . (ဘုရားက အပြစ် အကြီးဆုံးလို့ ပြောတာပါဘုရား)။

သဗ္ဗညုတဉာဏ်နဲ့ အကုန် ရှောက်ရှာတယ်၊ ရှာတော့ ငါ့သား, ငါ့သမီး, ငါ့မြေး, ငါ့မြစ်, ငါ့ကိုယ်လို့ အဲဒီ အထင်ကြီး ဟာ အပြောတင် မဟုတ်ဘဲနဲ့ တကယ်ထင်ပြီးသကာလနေတဲ့ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကြောင့် ဖြစ်လာရတဲ့ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဟာ မိစ္ဆာဒိဋ္ဌိရဲ့ ရေသောက်မြစ်လို့ ဦးမြကြီးက လည်းမှတ်လိုက်ပါဦး . . . (မှန်ပါ့) ဦးနေဖူး သေသေချာချာ မှတ်. . . (မှန်ပါ့)။

**'ဒွါသဋ္ဌိ ဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိ ပမုခေနေဝ ဥပ္ပဇ္ဇန္တိ'**။

သက္ကာယဒိဋ္ဌိကအရင်းပြုပြီးကြီးလာတာကွ တဲ့၊ သက္ကာယဒိဋ္ဌိက ကြီးထွားလာလို့ မိစ္ဆာဒိဋ္ဌိဖြစ်တာကွဆိုတော့ သူပဲအရင်းမကျဘူးလား . . . (ကျပါတယ်ဘုရား) ပေါ်ကြ ပလား. . . (ပေါ်ပါပြီဘုရား)။

## ရန်ကုန်ပို့ဖို့အသံသွင်းနေတာ

သြော် . . . ဒါဖြင့် ဘုန်းကြီးကလည်း အခု အသံသွင်းနေတယ် ရန်ကုန်ပို့ဖို့ကို၊ ဒါ. . . အခုခင်ဗျားတို့က လာနာနေကြတယ်၊ နာတော့လည်း အခု ထိုက်တန်သလောက် ပြောဆိုနေရတယ်၊ တရားဟောတာ မဟုတ်ဘူး၊ အသံသွင်းနေတာ၊ ဒါ. . . ချောင်းမြောင်းပြီး လာနာနေလို့ လူများနေတာ. . . (မှန်ပါ့)။

ဪ. . . ဒါဖြင့် သနားကရုဏာရှိတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ အသံသွင်းရင်းပဲ အဓိပ္ပါယ်တွေ အမျိုးမျိုးပြောရတော့ သြော် . . . ငါတို့လုပ်နေတဲ့ဥစ္စာဟာ ဝက်အသားတိုးအောင်လို့ လုပ်နေတာနဲ့ တူလိုက်တာ . . . (မှန်ပါ့)။

## ဝက်အသားတိုးအောင်လုပ်နေတာ

ဦးမြဘာတဲ့တုံး (ဝက်အသားတိုးအောင် လုပ်နေတာနဲ့ တူပါတယ်ဘုရား) ဝက်အသားတိုးအောင် လုပ်တယ်၊ ဝက်အသားတိုးအောင်လို့ ဝက်ဟာ အစာစားနေတယ်၊ အသားတိုးလာတဲ့အခါမှာ သူအရင်သေရရှာတယ် (မှန်ပါ) ဝတုန်းသတ်မှ အချိန်စီးတာကိုဗျ . . . (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ရှာကျွေးနေတာ မိစ္ဆာဒိဋ္ဌိမဖြုတ်လို့ ရှိရင်ဖြင့် ငရဲလုံးချက်မိဖို့ ဝတ်အသားတိုးအောင် လုပ်နေတာနဲ့ တူနေတယ် (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## လုပ်မစားချင်အောင်ပြောတာမဟုတ်ဘူး

လုပ်မစားချင်အောင်ပြောတာမဟုတ်ပါဘူး၊ အနိမ့်အမြင့်ချိန်တာပါ (မှန်ပါ့) မောင်မြင့် အနိမ့်အမြင့်ချိန်တာပါ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဦးမြ လုပ်မစားချင်အောင် ပြောတာလား အနိမ့်အမြင့်ချိန်တာလား . . . (အနိမ့်အမြင့်ချိန်တာပါဘုရား) အနိမ့်အမြင့်ချိန်တာ၊ လုပ်မစားနဲ့လို့ ဒီဆရာဘုန်းကြီးက မဟောပါဘူး၊ သို့သော်လည်း ရှေ့နောက်ခွဲပေးဆိုတဲ့ ဟို-အမရပူရတုန်းက ဟောသလိုပေါ့ဗျာ . . . (မှန်ပါ့)။

## ရှေ့နောက်ကလေးခွဲပေးပါ

ရှေ့နောက်ကလေး ခွဲပေး၊ သူ့ကို အရင်ဖြုတ်လိုက်ကွာ၊ ဖြုတ်ပြီးတော့မှ မင်းတို့သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်တာပေါ့ကွာဆိုတော့ ခုနင်က လုံ့ချက်မိမှာကို သိမ်းပြီးတော့မှ ကိုယ်က လွတ်လပ်ရေးရတဲ့အခါကျတော့မှ ကျွေးချင်သလိုကျွေး မွေးချင်သလိုမွေးဆိုတော့ အပြစ်မရှိတော့ဘူး. . . (မှန်ပါ့) ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

## ဝိသာခါ

ဝိသာခါတို့များ မွေးလိုက်တဲ့သား၊ မြေးတွေ ဘာနည်းမလဲ၊ သို့သော် မိစ္ဆာဒိဋ္ဌိက ဖြုတ်ပြီးသားဖြစ်နေတော့ ဦးမြ အပါယ်ကျသေးရဲ့လား . . . (မကျပါဘုရား)။

## သိကြားမင်းကြီး

သိကြားမင်းကြီးကြည့်ပါလား သောင်းပေါင်းများစွာ နတ်သမီးတွေနဲ့နေကြ၊ ထိုင်ကြ၊ ပျော်ကြ၊ ရွှင်ကြတာပါပဲ၊ အပါယ်ကျသေးသလား . . . (မကျပါဘုရား)။

အဲဒါဘာ့ကြောင့်တုံးဆိုတော့ မိစ္ဆာဒိဋ္ဌိပြုတ်သွားလို့ ရှေ့နောက်မှန်သွားလို့ . . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ရှေ့နောက်မှန်သွားလို့

ဘာမှန်သွားတာတုံး (ရှေ့နောက်မှန်သွားတာပါဘုရား) ရှေ့နောက်မှန်သွားတယ်ဆိုတော့ ခင်ဗျားတို့ အခုဟောတာ ဘုန်းကြီးကဟောတာလား - ဘုရားက ရှေ့နောက်ခွဲဟောတာလား . . . (ဘုရားက ရှေ့နောက်ခွဲဟောတာပါဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ ပေတေတေလုပ်နေလို့ ရှိရင် ဖြင့် ဩော်. . . ကိုယ့်အကျိုးယုတ်ဖို့ပေတာမှတစ်ပါးဘာမှ အဖြေထွက်စရာမရှိဘူး . . . (မှန်ပါ့)။

မောင်အောင်ချိတို့ ပေတေတေလုပ်နေရင်လေ . . . (မှန်ပါ့) နောက်မှလုပ်မဟေ့၊ နောက်မှလုပ်မဟာ၊ အရေးတော့ ကြီးတယ်၊ အရေးကြီးတာနောက်မှလုပ်မယ်ဆိုတော့ဂွကျလိုက်တာကွာ . . . အရေးကြီးတာ နောက်မှလုပ်မယ်ဆိုတော့ ဦးမြကံကောင်းရဲ့လား . . . (မကောင်းပါဘုရား)။

ခင်ဗျားဘယ်ဘက်ကရောက်နေသတုံး၊ အရေးကြီးတာနောက်မှလုပ်မည့်ဘက်ကရောက်နေတာပေါ့လေ ဦးမြကြီးကလည်း (မှန်ပါ့) ခင်ဗျားတော့ သေသေချာချာပြင်လိုက်လို့ ဟို-အမရပူရကတည်းက သေသေချာချာ ဟောပြီးပြီနော် . . . (မှန်ပါ့ဘုရား)။

## စိုးရိမ်စရာမရှိတော့ဘူး

ဦးအောင်ဇံဝေ ကိစ္စမရှိတော့ဘူး ခင်ဗျားအတွက်က စိုးရိမ်စရာမရှိဘူး၊ ဖြစ်ပျက်တွေ သေသေချာချာတွေ့ပြီးပြီ၊ ဒီအထဲမှာ ငါမပါဘူးဆိုတာ ဆုံးဖြတ်ချက်ချပြီးပြီမဟုတ်လား . . . (မှန်ပါ့ဘုရား)။

ဒါတွေဟာ အနိစ္စပဲ, ရုပ်နာမ်တွေပဲ ငါ့,ငါ့ဥစ္စာလို့ မရှိဘူးဆိုတာ . . . (မှန်ပါ့) အဲဒီလိုဆိုလို့ရှိရင် ဒါခင်ဗျား ရှေ့နောက်တည့်သွားပြီ . . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီမိစ္ဆာဒိဋ္ဌိအရေးကြီးပုံ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား) မိစ္ဆာဒိဋ္ဌိအစသက္ကာယ ဒိဋ္ဌိက . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိအစ. . . (သက္ကာယဒိဋ္ဌိကပါဘုရား) သက္ကာယ ဒိဋ္ဌိကလို့မှတ်လိုက်စမ်းပါနော် . . . (မှန်ပါ့) သက္ကာယဒိဋ္ဌိက ကြီးထွားလာတာလို့ ဒကာ ဒကာမတွေမှတ်ပါ . . . (မှန်ပါ့)။

## ကားဝယ်စီးတာ ဝမ်းသာပါတယ်သို့သော်

ဒါကြောင့် ဘုန်းကြီးက ခင်ဗျားတို့ကိုပြောရတယ်။ ဒီမိုးကုတ် ဒကာ ဒကာမတွေအားလုံး အရင်းအချာတွေဖြစ်နေ တော့၊ မင်းတိုက်ကြီးတွေ, တိုက်တာကြီးတွေနဲ့ မော်တော်ကား သိန်းကိုးသောင်းတန် ဝယ်စီးတာကို ငါကြည်ညိုပါတယ်ကွ ဝမ်း သာပါတယ်၊ တို့လည်း စီးရတာပါပဲ မင်းတို့မှာ ရတယ်ဆိုရင်၊ သို့သော် ရှေ့နောက်က လွဲနေတော့ ငါသဘောမကျသေးဘူး ဟေ့ . . . ၊ ပြောထိုက်-မပြောထိုက် . . . (ပြောထိုက်ပါတယ် ဘုရား)၊ မင်းတို့ဟာက နက်ဖြန်အဝီစိကျရမှာ ယနေ့ ပြုံးနေတာ နဲ့ တူလွန်းလို့ . . . (မှန်ပါ့ဘုရား)။

## မသိပြုံးဖြစ်နေလို့ပြင်ပေးတာ

ဦးမြဘာယ့်နှယ်တုံး နက်ဖြန် အဝီစိကျရမှာ . . . (ယနေ့ ပြုံးနေတာနဲ့ တူပါတယ်ဘုရား) ပြုံးနေတော့မသိပြုံး, အရူးပြုံး

ဖြစ်နေလို့ပြင်ပေးပါတယ်ဆိုတာကောယနေ့တရားမှာ သဘော ကျပလား . . . (ကျပါပြီဘုရား) ရှင်းကြပြီနော် (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပဋ္ဌာနန္တရိယကံနဲ့ ဦးအောင်ဖုံဝေဘယ်သူက အပြစ်ကြီးသတုံး . . . (မိစ္ဆာဒိဋ္ဌိကံကကြီးပါတယ်ဘုရား) အဲ . . ငါ့ကိုယ် ငါ့ဟာထင်နေတာက အကြီးဆုံးပဲ . . . (မှန်ပါ့)။

ငါ့ကိုယ် - ငါ့ဟာ ထင်နေတာက အကြီးဆုံးပဲဆိုတော့ ဒါကြောင့် ဘုရားကဟောလိုက်တယ်၊ ဒိမိစ္ဆာဒိဋ္ဌိရှိလျက်နဲ့လှူ ဒါန်းပေးကမ်းနေတဲ့ ပုဂ္ဂိုလ်များကွာ ကုသိုလ်မရဘူးတော့ ငါ မဟောပါဘူးတဲ့၊ နိဗ္ဗာန်မရဘူးတော့ ဟောရလိမ့်မယ်တဲ့. . .၊ ဒါကလေးမှတ်လိုက်စမ်းပါ (မှန်ပါ့)။

ကုသိုလ်မရဘူးလို့တော့ မဟောဘူး၊ နိဗ္ဗာန်မရဘူးလို့ တော့ ဟောလိမ့်မယ် . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကုသိုလ်မရဘူးလို့တော့(မဟောပါဘုရား) နိဗ္ဗာန်မရ ဘူးလို့တော့ . . . (ဟောပါတယ်ဘုရား) ဩော် . . . တော်တော်အရေးကြီးပါကလား၊ နိဗ္ဗာန်ကန့်ကွက်တာပါ ကလား (မှန်ပါဘုရား)။

ဒုက္ခသိမ်းတဲ့နိဗ္ဗာန်ကို . . . (ကန့်ကွက်ပါတယ် ဘုရား) ကန့်ကွက်တာပဲဆိုတာ ပေါ်လာကြပလား . . . (ပေါ်လာပြီ ဘုရား) ဦးမြ ဒီစကားအရေးမကြီးဘူးလား . . . (ကြီးပါတယ်

ဘုရား) ဒီစကားသိပ်အရေးကြီးတယ်ဆိုတာ ပေါ်ကြ ပလား . . . (ပေါ်ပါပြီဘုရား)။

## ကုသိုလ်တော့ရပါတယ်၊ နိဗ္ဗာန်မရောက်ဘူး

မိစ္ဆာဒိဋ္ဌိရှိလျက်နဲ့. . .၊ မိစ္ဆာဒိဋ္ဌိရှိလျက်ဆိုတော့ သစ္စာမမြင်ဘူး၊ ဖြစ်ပျက်တွေမမြင်ဘူး၊ ဖြစ်ပျက်မြင်ရင်သစ္စာမြင်တာပဲ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာကို . . . (မှန်ပါ့)။

အဲဒီရှိလျက်နဲ့ လှူဒါန်းပေးကမ်းပြီးသကာလ နေကြလို့ရှိရင် ကုသိုလ်ရပါတယ်, နတ်ရွာသုဂတိရောက်ပါတယ်, နိဗ္ဗာန်မရောက်ဘူး . . .။

ဘာ့ကြောင့်တုံးလို့ ဦးမြသူများမေးရင်ပြောတတ် ပလား သက္ကာယဒိဋ္ဌိခံနေတယ် . . . (မှန်ပါ့) ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးတဟောထားပါတယ်တဲ့ ဓမ္မဟဒယဝိဘင်းဆိုတာမှာ၊ ဝိဘင်းပါဠိတော်ဆိုတာ ကြားဘူးကြတယ်မဟုတ်လား. . . (ကြားဘူးပါတယ်ဘုရား) အဲဒီမှာ သေသေချာချာဟောထားတယ်။

ပုညတေဇေန = ,မင်းတို့ပြုတဲ့ကုသိုလ်ရှိန်စော် အာနုဘော်သည်၊ ဥက္ခိတ္တာ = ပစ်လွှတ်၍တင်လိုက်သည်ရှိသော်၊ ကာမရူပဂတိံ = ကာမဘုံ, ရူပဘုံသို့ ရောက်သွားတယ်တဲ့ မင်းတို့ကုသိုလ်တွေ . . . (မှန်ပါ့)။

ဒါတွင် မကသေးဘူးကွတဲ့၊ ဘဝဂ္ဂတမ္ပိ = ဟိုနေဝ သညာနာသညာယတနဘုံတောင် ရောက်ပါတယ်တဲ့၊ ပုန. = တဖန်၊ ဒုဂ္ဂတိ=အပါယ်ဌာနဒုဂ္ဂတိဘဝသို့၊ အာယန္တိ=ပြန်ကျမယ် ကွတဲ့ ဒါ. . . ဓမ္မဟာဒယဝိဘင်းပါဠိတော်လို့ သေသေချာချာ မှတ်စမ်းပါ . . . (မှန်ပါ့)။

## ဘယ်သူကဆွဲချလိုက်တာတုံး

ကဲ . . . ဒါဘယ်သူက ချလိုက်တယ်ဆိုတာ မောင်အောင်ချီတို့ ပေါ်ရောပေါ့ . . . (မှန်ပါ့) ဘယ်သူက ဆွဲချလိုက်တာတုံး (မိစ္ဆာဒိဋ္ဌိကပါဘုရား) သက္ကာယဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ ပေါ့ကွာ အတူတူပေါ့ . . . (မှန်ပါ့)။

သူတို့က ဆွဲချလိုက်တာ ဒကာ ဒကာမတို့၊ ခင်ဗျားတို့ ပြုတဲ့ကုသိုလ်တွေ နိဗ္ဗာန်မရောက်ကြောင်းကို ပါဠိတော်က သက်သေခံပစ်လိုက်တယ် . . . (မှန်ပါ့) ဦးမြ ပါဠိတော်က သက်သေခံပစ်လိုက်တယ် . . . (မှန်ပါ့) ဦးအောင်ဖေ ရိပ်မိ ပလား (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးက ရှင်းရှင်းလင်းလင်း ပြောတော့ ခင်ဗျားတို့ပြုတဲ့ကုသိုလ်တွေ ဒိဋ္ဌိမပြုတ်ဘဲနဲ့လုပ်တဲ့ကုသိုလ်တွေဟာ ကုသိုလ်ရတယ်၊ နတ်ရွာသုဂတိရောက်တယ်၊ ဗြဟ္မာ့ပြည် ကျ အောင်ရောက်နိုင်တယ်၊ ဗြဟ္မာ့ပြည်ရောက်ကြောင်းလုပ်ရင်

သို့သော် ဒုဂ္ဂတိပြန်ရောက်ဦးမယ်၊ အပါယ်လေးပါးပြန်ရောက်ဦးမယ်ပေါ့ . . . မောင်မြင့်တို့ . . . (မှန်ပါ့)။

## မိစ္ဆာဒိဋ္ဌိမပြုတ်တဲ့အတွက်

ဘာဖြစ်လို့တုံးမေးတဲ့အခါကျတော့ မင်းတို့ အဖြေထွက်နိုင်ကြရဲ့လား . . . (ထွက်နိုင်ပါတယ်ဘုရား) ဘာထွက်ကြမယ် . . . (သက္ကာယဒိဋ္ဌိမပြုတ်လို့ပါဘုရား) မိစ္ဆာဒိဋ္ဌိ မပြုတ်တဲ့အတွက် ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီ ဒကာ ဒကာမတွေမှာ ဩော် . . . ရှေ့နောက် မခွဲရင် မဖြစ်တဲ့အလုပ်ကို ဆရာသမားက ယနေ့ညအသံသွင်းတရား ပြောနေပါလားဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

## ဘာအရင်ဖြုတ်ရမလဲ

ဘာအရင်ဖြုတ်ရမလဲ . . . (မိစ္ဆာဒိဋ္ဌိ အရင်ဖြုတ်ရပါမယ်ဘုရား) အဲ . . . ငါ့ကိုယ် ငါ့ဟာမဟုတ်ဘူးလို့ ဉာဏ်ကသိထားရမယ် . . . (မှန်ပါ့)။

သိပေမယ့်လည်း ဒီအပေါင်းကြီးကိုသိရမယ်လို့ ဆရာဘုန်းကြီးက မဆိုလို၊ ဒီခန္ဓာထဲမှာ စိတ်၊ စေတသိက်တွေ

ပေါ်လာလို့ ဝေဒနာက္ခန္ဓာ ဩော် ... ဒါလည်း အနိစ္စပါ ကလားလို့ ဉာဏ်နဲ့မြင်လိုက်ရမယ် ... (မှန်ပါ့)။

စိတ်ကလေးပေါ်လာလည်း ဒါလည်း အနိစ္စပါလား၊ ဝိညာဏက္ခန္ဓာလည်း အနိစ္စပါလား၊ ရုပ်ကလေးပေါ်လာပြန်ကော (အနိစ္စပါဘုရား) စေတနာကလေး ပေါ်လာပြန်ကော (အနိစ္စပါဘုရား)။

## အနိစ္စတွေစုနေတာပါကလား

ဒီလိုသိပြီးသကာလ ဩော် ... အနိစ္စတွေသာရှိတာပဲ ဖြစ်ပျက်တွေသာရှိတာပဲ ဘယ်မှာသာလျှင် ငါ့ကိုယ် ငါ့ဟာလို့ ရှိမတုံး၊ အနိစ္စတွေစုနေတာပါကလား၊ အဲဒါသိပြီးမှ ခင်ဗျားတို့ ဉာတပရိညာနဲ့ ပြုတ်ပြီးတော့မှ ဦးမြတို့ တန်ဆောင်းဆောက်ချင်ဆောက်ပေါ့ဗျာ၊ ဘုရားတည်တည်၊ ဦးအောင်ဇံဝေတို့ ဟင် (မှန်ပါ့) ရွှေတိဂုံကိုရွှေပြားကပ်ကပ်ပေါ့ဗျာ၊ အရေးမကြီးတော့ဘူး ... (မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

## မင်းတို့ ဝိပဿနာအရင်လုပ်စမ်းပါ

ဒါဖြင့် အပြောနဲ့ပြီးမှာလား အမြင်ပါဦးမှလား (အမြင်ပါဦးမှပါဘုရား) အဲဒါကြောင့် မင်းတို့ ဝိပဿနာအရင်လုပ်

စမ်းပါဆိုတဲ့ဥစ္စာ မင်းတို့က ထမင်းလောက်အရေးမကြီးဘဲနဲ့ ဖြစ်နေတော့ ဆရာဘုန်းကြီးက အပြောကြပ်တယ်လို့ ဦးအောင်ဇံဝေတို့ ဦးမြတို့ ဆိုချင်ဆိုတော့မှာပဲ . . .(မှန်ပါ့) ကဲ. . . ဒါဖြင့် ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်တပည့်တော်မှာ မိစ္ဆာဒိဋ္ဌိ အရင်ဖြုတ်ဖို့အရေးဟာ ၁-နံပါတ်အရေး၊ လျှုမှု၊ တန်းမှု၊ ပေးမှု၊ ကမ်းမှု အရေးဟာ ၂-နံပါတ်အရေးလို့ ၁-နဲ့ ၂-၂ ပြောင်းလိုက်. . . (မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိဖြုတ်ဖို့အရေးက (၁ နံပါတ်အရေးပါဘုရား)။ လှူမှု၊ တန်းမှု၊ ပေးမှု၊ ကမ်းမှု အရေးက . . . (၂ နံပါတ်အရေး ပါဘုရား)။

အဲဒီတော့ အခု ဒကာ ဒကာမတွေ လုပ်နေတာကတော့ ဦးအောင်ဇံဝေ ရှေ့နောက်တည့်ရဲ့လား . . . (မတည့်ပါဘုရား) ဘယ်သူက ရှေ့ကျသလဲ (၂-ကရှေ့ကျပါတယ်ဘုရား) ၂-ကရှေ့ကျပြီး ၁-က နောက်ကျနေတယ်. . . (မှန်ပါ့ဘုရား)။

၁-နောက်ကျနေတော့ ခုနင်က ပါဠိတော်ထဲဝင်သွားတယ် (မှန်ပါ့) နတ်ရွာသုဂတိ ဗြဟ္မာ့ပြည် ရောက်ငြားသော်လည်း ခမ္မဟဒယဝိဘင်း ပါဠိတော်က အပါယ်ကျတယ်ကွတဲ့။ နတ်ပြည်တော့ရောက်မှာပဲ၊ အဲဒီကပြီးရင် အပါယ်ကျဦးမှာပဲ

ဆိုတော့ ဒီမိစ္ဆာဒိဋ္ဌိက ဆွဲချလိုက်တာ (မှန်ပါ့) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဦးမြ ဘာလွဲနေတာတုံး (ရှေ့နောက်လွဲနေတာပါ ဘုရား) ရှေ့နောက်လွဲနေတာဆိုတာ ဒကာ ဒကာမတွေ ကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

## ဘုရားကအရေးတကြီးပြောတာ

အဲဒါဒီကရှေ့မှာဖြင့် ခင်ဗျားတို့ ဆရာသမားကအရေး တကြီးပြောတာလား . . . ဘုရားက အရေးတကြီးပြော တာလား . . . (ဘုရားကအရေးကြီးပြောတာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဂျပန်မိုက်, မိုက်နေလို့ မဖြစ် ဘူး၊ ဟိုက'အတွမ်းမိတ်' atomic(အနုမြူဗုံး)ချမယ်၊ လက်နက်ချ လိုက်လို့ပြောတာ သူတို့က အယုံအကြည်မရှိဘဲကိုးဗျ (မှန်ပါ့) မရှိတော့ သိန်းပေါင်းများစွာ မသေဘူးလား . . . (သေပါ တယ်ဘုရား)။

ဒီမှာလဲ ဘုရားက ဟောတာက မင်းတို့သက္ကာယဒိဋ္ဌိ မပြုတ်လို့ရှိရင်ဖြင့် ငရဲဟာ ကိုယ်ပိုင်ပစ္စည်းလို့ ပြောထားတာ ဟုတ်တန်မထင်ပါဘူးတော့ လုပ်မနေနဲ့၊ ဂျပန်တွေလို အကုန် သေကုန်လိမ့်ဦးမယ် . . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ဒါ. . . ဘုရားဟော ပါဠိကိုသေသေချာချာပြောနေပါတယ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတို့ အလုံးစုံသိတော်မူတဲ့မြတ်စွာဘုရားက ပြောတာကို ဟုတ်မထင်ပါဘူးလို့ မလာပါနဲ့၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

'အတွမ်းမိတ်' (အနုမြူဗုံး) ချလို့ရှိရင် ဆယ်မိုင်ပတ်လည်အတွင်း အကုန်သေလိမ့်မယ်ဆိုတာ ဟိုမှာ လုပ်တဲ့သူကသိပြီးသား ဖြစ်နေတာ ဟုတ်တန်မထင်ပါဘူးဆိုတော့ သေပွဲဝင်ချင်လို့သာ မှတ်ပေတော့ . . . (မှန်ပါ့) ဒီပြင်ဘာပြောစရာရှိသေးသတုံး . . . (မရှိပါဘုရား) အတော်မဆိုးဘူးလား . . . (ဆိုးပါတယ်ဘုရား)။

ဦးမြသက္ကာယဒိဋ္ဌိနဲ့ 'အတွမ်းမိတ်' atomic(အနုမြူဗုံး) ဘယ်ဟာက သာကြောက်စရာကောင်းသတုံး . . . (သက္ကာယဒိဋ္ဌိက ကြောက်စရာကောင်းပါတယ်ဘုရား) သက္ကာယဒိဋ္ဌိကပိုပြီးကြောက်စရာကောင်းတယ်ဆိုတာ သူကမှ မိစ္ဆာဒိဋ္ဌိအစုံပွားလာတာ . . . (မှန်ပါ့ဘုရား)။

## သက္ကာယဒိဋ္ဌိကအကြီးအမှူး

ကြည့်လေ= " ဒွါသဋ္ဌိဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိ ပမုခေနေဝ ဥပ္ပဇ္ဇန္တိ" ဒွါသဋ္ဌိ ဒိဋ္ဌိယော. . . ခြောက်ဆယ့်နှစ်ပါးကုန်သော ဒိဋ္ဌိတို့သည်၊ ဥပ္ပဇ္ဇမာနာ= ဖြစ်ပေါ်လာကုန်သည်

ရှိသော် သက္ကာယဒိဋ္ဌိပမုခေနေ၀=သက္ကာယဒိဋ္ဌိကအကြီးအမှူး ပြု၍သာလျှင် (ဝါ) သက္ကာယဒိဋ္ဌိရှိမှသာလျှင်၊ ဥပ္ပဇ္ဇန္တိ= ဖြစ်ကုန်၏၊ တဲ . . . မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိဟာ ဘယ်သူရှိမှ ဖြစ်မှာတုံး (သက္ကာယဒိဋ္ဌိရှိမှ ဖြစ်မှာပါဘုရား) သက္ကာယဒိဋ္ဌိရှိမှ ဖြစ်တယ်ဆိုတော့ သူက ကြီးပွားလာတာ ဆိုတာကော မသေချာသေးဘူးလား . . . (သေချာပါပြီဘုရား)။

အဲဒါကြောင့် အိုကြီးအိုမှ ဦးအောင်ဇံဝေတို့က၊ ဦးမြကြီးတို့က သက္ကာယဒိဋ္ဌိဖြုတ်တဲ့ အလုပ်ကို မလုပ်ဘဲနဲ့ သက္ကာယဒိဋ္ဌိခိုင်းတဲ့ အလုပ်၊ လုပ်လို့ရှိရင် ငါးပါး မှောက်ပါလိမ့်မယ် . . . (မှန်ပါ့) မပြောထိုက်ဘူးလား - (ပြောထိုက်ပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ = ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ အရေးကြီးတာ ကြီးသလိုမှတ်ရမယ် . . . (မှန်ပါ့) အရေးကြီးတာကို (ကြီးသလိုမှတ်ရပါမယ်ဘုရား) ဟုတ်တန် မထင်ပါဘူးဆိုချင်သေးသလား . . . (မဆိုချင်ပါဘုရား) ဆိုချင်ရင် ဂျပန်သေသေလိမ့်ဦးမယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ပဋ္ဌာနန္တရိယကံထက်အရေးကြီးတယ်

ကိုင်း ဒါဖြင့် ဒီသက္ကာယဒိဋ္ဌိဟာဘုရား . . . တယ်ဆိုးပါလား အရှင်ဘုရားက ဘုရားဟောတာကြီးကိုချဲ့ထွင်ပြီး သကာလပြောလိုက်တော့ တော်တော်အရေးကြီးပါလားဘုရား၊ ပဉ္စာနန္တရိယကံထက်အရေးကြီးပါသေးကလား၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒီ. . . သက္ကာယဒိဋ္ဌိကဘယ်ကလာတာတုံးဘုရာ့ဆိုတော့ ဒါ . . . မေးခွန်းထွက်လာတယ် (ထွက်လာပါတယ်ဘုရား) ဒီသက္ကာယဒိဋ္ဌိဟာ ဘယ်ကလာတာတုံးဘုရာ့၊ တပည့်တော်တို့ကိုရှင်းပေးပါဦးလို့ ဦးမြတောင်းပန်ရတော့မယ် (မှန်ပါ့) သက္ကာယဒိဋ္ဌိဟာ ဘယ်ကလာတာတုံးဆိုတာ မောင်အောင်ချိတို့က ဘုန်းကြီးကို တောင်းပန်ရမယ် . . . (မှန်ပါ့ဘုရား)။

ဘုန်းကြီးတောင်းပန်တော့ကို ဘုန်းကြီးက ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောထားတာတွေကို အကုန်လိုလို မွှေနောက်ပြီးရှာထားတော့ ဘုရားလက်ထက်က ဝတ္ထုထုတ်တော့မယ် ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိ ဘယ်ကလာတယ်ဆိုတာ ပေါ်လိမ့်မယ်နော် . . . (မှန်ပါ့)။

## အနာထပိဏ်သူဌေးကြီး

အနာထပိဏ်သူဌေးကြီးဟာ ဒကာ ဒကာမတို့ ဘုရားကျောင်းတော်ကို နေ့လည်ဆယ့်နှစ်နာရီလောက်သွားတယ်. .၊

သွားတော့ သူကျောင်းတော်မရောက်ခင် သံတိထားလိုက် တယ်၊ ဩော်-ငါ့ကိုအင်မတန်စိတ်နှလုံးကို ရွှင်ပြုံးအောင်ပော နိုင်တဲ့ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်တို့လည်း ဒီအချိန်မှာ ဆွမ်းဘုဉ်းပေးပြီး နေ့သန့်စင်နေမယ်ကျရိယာပုတ်ကလေးမျှ တအောင့် ကျိန်းစက်တဲ့အချိန်ပဲ။ ဘုရားကလည်း ဒီအချိန် ကျိန်းစက်. . . တဲ့အချိန်ပဲ၊ ဒီအချိန်တော့ ကျောင်းထဲသွားလို့ မဖြစ်သေးပါဘူးဆိုပြီး ကျောင်းတော်အနီးမှာ တိတ္ထိကျောင်း တစ်ကျောင်းရှိတယ်နော် (မှန်ပါ့)။

## တိတ္ထိတွေဆီရောက်သွားတယ်

အဲဒီ တိတ္ထိတွေဆီကိုသူက ခြေဦးလှည့်လိုက်တယ်၊ ခြေဦးလှည့်လိုက်တော့ တိတ္ထိတွေကမြင်တယ်၊ ဟော့. . . ဂေါတမ၏ သာဝကတစ်ယောက်လာတယ်ကွ. ငြိမ်ငြိမ်နေကြကွ၊ အသံတွေအကျယ်ကြနဲ့ကွ၊ ဆိတ်ဆိတ်နေကြကွ၊ ဂေါတမ၏ တပည့်တွေက ဆိတ်ဆိတ်နေမှုကြိုက်တာဆိုပြီး တိတ္ထိ ခေါင်းဆောင်ကြီးက ပြောလိုက်တဲ့အခါ အကုန်ဆိတ်ဆိတ်နေ ပြီး အဲဒီတိတ္ထိတောထဲမှာပဲ ဦးအောင်ဇံဝေ ဝင်ထိုင်လိုက်တယ် (မှန်ပါ့ဘုရား)။

ထိုင်လိုက်တော့ တိတ္ထိတွေက အလ္လာပ သလ္လာပ ပြော ပြီး သကာလ ဒကာကြီး ကျုပ်တို့မေးစမ်းပရစေတဲ့၊ မေးတာ ပေါ့ဆိုတော့ ဘုရားအယူကိုပြောစမ်းပါ၊ ဒါမေးတာပဲ။

## ဘုရားအယူပြောစမ်းပါ

ဦးမြဘယ်နှယ့်မေးလိုက်သလဲ . . . (ဘုရားအယူပြောစမ်းပါတဲ့ဘုရား) ဘုရားအယူပြောစမ်းပါလို့မေးလိုက်ပါတယ်။

အရှင်ဘုရားတို့-ဘုရားအယူဟာအများကြီးပဲ။ တပည့်တော် ဘယ်ကုန်အောင်သိနိုင်ပါ့မလဲ ဖြေလိုက်တယ်နော်. . . (မှန်ပါ့) ဘုရားအယူဟာ အင်မတန် များပါတယ်ဘုရားလို့၊ သူယူထားတာ အကျင့်, သိက္ခာ, သီလသမာဓိ, ပညာအယူတွေဟာ နည်းတာတွေ မဟုတ်တော့ တပည့်တော် ဘုရားအယူကို အကုန်မသိပါဘူးတဲ့၊ ဖြေလိုက်တယ်နော်. . . (မှန်ပါ့ဘုရား)။

## ရဟန်းတွေအယူကိုပြောပါဦး

ဒီတွင်တိတ္ထိတွေကမကျေနပ်ဘူး၊ ဒါဖြင့်ဘုရား၏ တပည့်သားရဟန်းတွေအယူကို ပြောဦး ဒကာကြီးတဲ့၊ ဟာ. . ကိုယ်တော်တို့ မေးတာ, စမ်းတာလဲ ရဟန်းတွေမှာလည်း သူတို့မှာ နှစ်ရာ့နှစ်ဆယ်ခုနှစ်သွယ်သော သိက္ခာပုဒ်တွေနဲ့သီလ, သမာဓိ, ပညာတွေနဲ့ ပညာစခန်းဆိုလည်း အင်မတန် ကျယ်ဝန်းတော့ သူတို့အယူလည်း တပည့်တော် အကုန်ဘယ်သိမတုံး၊ ဒါကြောင့် သူတို့အယူလည်း အကုန်မသိဘူးလို့ ဖြေလိုက်တယ် . . . (မှန်ပါ့)။

ဦးမြ ဘယ်နှစ်ခုရှိသွားပလဲ (နှစ်ခုရှိသွားပါပြီ) ဘုရား အယူအကုန်မသိဘူးပေါ့လေ. . . (မှန်ပါ့) ရဟန်းတွေအယူလည်း . . . (မသိပါဘုရား) အကုန်မသိဘူးဆိုပြီး သကာလ ဖြေလိုက်တယ်။

## တိတ္ထိတွေကမကျေနပ်ကြဘူး

ဒါနဲ့ တိတ္ထိတွေက မောင်မြင့် မကျေနပ်ဘူးကွ၊ ခင်ဗျား အယူပြောပါဦးတဲ့၊ လာပြန်တာပဲ။

ဦးမြဘယ်သူ့ အယူမေးသတုံး (ခင်ဗျားအယူမေးပါတယ်ဘုရား) ခင်ဗျားအယူ ပြောဦးဆိုတော့ သူကသောတာပန်နော်၊ သောတာပန်တည်ပြီးပြီ၊ ဘုရားနဲ့တွေ့-တွေ့ခြင်းတည်တဲ့ ပုဂ္ဂိုလ် (မှန်ပါ့) သောတာပန်အလုပ်လုပ်ပြီးသား ဒိဋ္ဌိပြုတ်ပြီး သားသူကဟောမှာ ဒိဋ္ဌိကိုအခု . . . (မှန်ပါ့)။

ဒိဋ္ဌိဘယ်ကလာတယ်ဆိုတာ သူပြောမယ်၊ ပြီးတော့မှ ဘုရားက ထောက်ခံချက်ပေးမှာ ဒီဝတ္ထုဟာ ဒသကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်လို့ သေသေချာချာမှတ်၊ ကိုးဒိဋ္ဌိကသုတ်တဲ့ နာမည်ကတော့ . . . (မှန်ပါ့)။

## ဒကာကြီးအယူကိုပြောပါဦး

ကဲ. . . ဒါနဲ့ ဒကာကြီး ခင်ဗျားအယူ ပြောဦး၊ အို. . . တပည့်တော် အယူပြောဖို့ဝန်မလေးပါဘူး၊ သူက ဒိဋ္ဌိပြုတ်ပြီး သားပဲ (မှန်ပါ့)။

တပည့်တော်အယူပြောဖို့ ဘာမှ ဝန်လေးစရာမရှိပါဘူး တဲ့ တပည့်တော်က တစ်ခွန်းတည်းနဲ့ပြီးပါတယ်၊ သို့သော် တိတ္ထိများယူတဲ့အယူကို ပြောစမ်းပါတဲ့၊ သူများဆီ စကားတောင်းလိုက်တယ် . . . (မှန်ပါ့)။

သူ့အယူကို ပြောပါမယ်တဲ့၊ အရှင်ဘုရားတို့ တိတ္ထိတွေ ယူထားတဲ့အယူကို ပြောပါဦးဆိုတော့ ဒါဖြင့် ကျုပ်တို့ပြောမယ် တဲ့ ပေါ်ထွက်လာတယ်နော် . . . (မှန်ပါ့)။

## တိတ္ထိတွေယူထားတဲ့အယူ

ကျုပ်တို့က ရုပ်နာမ်ကြီးဟာ မြဲတယ်လို့ယူတယ်တဲ့၊ သူက မှတ်ထားတယ်၊ ရုပ်နာမ်ကြီး မြဲတယ်လို့ယူတယ်၊ အရှင် ဘုရား အယူက ဒါကိုး၊ နောက်တစ်ခါ တိတ္ထိတစ်ယောက်က ဝင်လာပြန်တယ်၊ ရုပ်နာမ်ခန္ဓာတွေဟာ ပြတ်သွားပြန်တယ်လို့ ယူတယ်၊ အခုဘဝ ဆုံးပြီးနောက်ဘာမှမဖြစ်ဘူးလို့ယူတယ်၊ ဥစ္ဆေဒဒိဋ္ဌိကို သူ. . . ပြောပြန်တယ်. . . (မှန်ပါ့)။

တချို့ကလည်း ရုပ်နာမ်လောကဟာ အန္တဝါအဆုံးရှိတယ်၊ တချို့ကလည်း အဆုံးမရှိဘူး၊ နောက်ဆုံးပိတ်ပြောတော့ သတ္တာဝါသေသည်၏အခြားမဲ့မှာ မဖြစ်ဘူးလို့ ကျုပ်တို့ကယူ တယ်၊ အနာထပိဏ်သူဌေးကြီးကလည်း မှတ်လျက်ပဲနော်. . . (မှန်ပါ့)။

သတ္တာဝါသေသည်၏အခြားမဲ့မှာ မဖြစ်တော့ဘူးလို့ ယူတယ်၊ တချို့က ဖြစ်တယ်လို့ယူတယ်၊ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိချည့် ပြောနေကြတာပဲ . . . (မှန်ပါ့)။

ဒါတွေကိုတော့ မရှင်းပါရစေနဲ့တော့နော် လိုရင်းကို ပြောချင်လို့ . . . (မှန်ပါ့)။

## တိတ္ထိဆယ်ယောက်ရဲ့အယူတွေ

သတ္တာဝါသေသည်၏ အခြားမဲ့၌ ဖြစ်ချီတစ်လှည့်, မဖြစ်ချီတစ်လှည့်ကလည်းဖြစ်တယ်၊ ကျုပ်တို့အယူ ဒါပဲ ကိုယ့်အယူကိုယ့်ပြောလိုက်ကြတာ တစ်ခါတည်း ဆယ်ယောက်ဝင်ပြောလိုက်တယ် ဦးမြ တိတ္ထိအယူချည့် ပြောတာပဲနော် . . . (မှန်ပါ့)။

ကဲ. . . ဒါနဲ့ တိတ္ထိတွေက ဆယ်ယောက်လောက် ပြောပြီးတော့ ကျုပ်တို့အယူ ပြောပြီးပြီ၊ ခင်ဗျားအယူ ပြောပါဦး. . . ခင်ဗျားပြောမယ်လို့ ပြောထားတယ်တဲ့၊ အနာထပိဏ်သူဌေးကြီးကို သူတို့ကပြောကြတာပေါ့ကွာ . . . (မှန်ပါ့)။

ခင်ဗျားအယူ ပြောစမ်းပါဆိုတော့ နေဦးတဲ့၊ တပည့်တော်အယူ နောက်ထားပါဦး၊ အရှင်ဘုရားတို့အယူ တပည့်တော် ရှင်းပေးဦးမယ်တဲ့။

ဒကာ ဒကာမတို့ ဒီစကားဟာ ဒီတစ်ပွဲလုံးဟာ အဖိုးတန်တဲ့စကားဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်ပါ့)။

တိတ္ထိတို့ အခုယူထားတာ ဒသဝတ္ထုက အန္တဒိဋ္ဌိခေါ်တယ်၊ ဆယ်ပါးပေါ့ဗျာ . . . (မှန်ပါ့) ဆယ်ပါးကို အခု ဆယ်ယောက်စေ့အောင် ပြောသွားတာကိုး . . . (မှန်ပါ့)။

## ပေါင်းလိုက်ရင်သုံးခုပဲရှိတယ်

အဲဒီ သူတို့ပြောတဲ့အယူကို မှတ်လိုက်လို့ရှိရင် သဿတ ဥစ္ဆေဒနဲ့ အမရာဝိက္ခေပချည့်ပဲလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့) ပြောတော့ ဆယ်ယောက်ပြောတာကိုပေါင်းလိုက်ရင် ဒီသုံးခုပဲရှိတယ် . . . (မှန်ပါ့)။

ရုပ်နာမ်ကို ခိုင်တယ်ယူတာရယ်၊ ရုပ်နာမ်ကို နောက်ဘာမှမဖြစ်ဘူး ယူတာရယ်၊ ရုပ်နာမ် ဘာမှမဖြစ်ဘူးယူတော့ ရုပ်နာမ်တွေ ကွယ်မသွားဘူးလား . . . (ကွယ်သွားပါတယ် ဘုရား)။

ရုပ်နာမ် ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဆိုတော့ အမရာဝိက္ခေပ သွားဖြစ်နေတယ် . . . (မှန်ပါ့)

အချို့ရုပ်နာမ်ဖြစ်တယ်၊ အချို့ရုပ်နာမ်မဖြစ်ဘူး၊ ဒီလို နေလို့ရှိရင်လည်း ဦးမြ တည့်သေးရဲ့လား . . . (မတည့်ပါ ဘုရား)။

အဲဒီကဲ့သို့ ဖြေကြတော့ ဒဂေါကြီး နောက်ဆုံးပိတ် ခင်ဗျားအယူကို ပြောမယ်လို့ ပြောတယ်၊ အဲဒါ ပြောစမ်းပါဦး အို . . . တပည့်တော်အယူ မပြောချင်လို့ မဟုတ်ဘူး၊ ကိုယ်တော်တို့ အယူကို တပည့်တော် ရှင်းပေးဦးမယ်။

## ကိုယ်တော်တို့အယူကိုရှင်းပေးဦးမယ်

ကိုယ်တော်တို့ဟာတဲ့ ဒီခန္ဓာကိုယ်ကြီးထဲမှာ ဝေဒနာ ကြည့်ကြည့်၊ ရုပ်ကြည့်ကြည့် ခန္ဓာငါးပါးကို သေသေချာချာ ကြည့်လို့ရှိရင် သူဟာသခ်တတရား၊ သခ်တဆိုတာ ပြုပြင်လို့ ပေါ်လာတဲ့တရား . . . (မှန်ပါ့)။

ရုပ်နာမ်ဟာ ပြုပြင်လို့ပေါ်လာတဲ့တရား (မှန်ပါ့) မပြု ပြင်ဘဲနဲ့ ပေါ်လာတဲ့တရား ဟုတ်ကဲ့လား . . . (မဟုတ်ပါ ဘုရား)။

မင်းတို့ကြည့်ပါလား၊ ကံများမကောင်းဘူးဆိုတော့ ကံ က ပြုပြင်ပေးတယ်လို့ ပြောတာ (မှန်ပါ့) ဘယ့်နှယ်တုံး နင်တို့ ရုပ်တွေ ညှိုးလှချည်လားဆိုတော့ အို . . . စိတ်မကောင်းဘူး ဆိုတော့ စိတ်က ပြုပြင်ထားတာ . . . (မှန်ပါ့) အကြောင်းမရှိ ဘူးလား . . . (ရှိပါတယ်ဘုရား)။

ဘယ့်နှယ်တုံး ပိန်လှချည်လားလို့ ဆရာဘုန်းကြီးက မေးရင် အို. . . စားမကောင်းဘူးဆိုတော့ အဟာရက ပြုပြင်ပေးထားတဲ့ရုပ် . . . (မှန်ပါ့) အကြောင်းရှိတာချည့်ပဲ မနေဘူးလား (နေပါတယ်ဘုရား)။

ဘယ့်နှယ်တုံး နွေအခါကြီးမှာ ခင်ဗျားတို့ ကြည့်ရတာ ရုပ်တွေက ခြောက်လို့ပါလား၊ အို. . . ဥတုက အင်မတန်ကြမ်းတယ်ဆိုတော့ ဥတုကြောင့် ဖြစ်တဲ့ရုပ်ဂ် သေချာနေတယ်. . . (မှန်ပါ့) မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

## သင်္ခါရတရားကို မသိဘူး

အဲဒီတော့ကို အရှင်ဘုရားတို့ တိတ္ထိတွေဟာတဲ့ ဒီခန္ဓာကိုယ်ကြီးကို မြဲတယ်လို့ယူတယ်။ တချို့ကလည်း ပြတ်တယ်လို့ ယူတယ်၊ တချို့ မပြတ်တပြတ်နေတယ်လို့ ယူတော့ အရှင်ဘုရားတို့ဟာ သင်္ခတတရားကိုလည်း အရှင်ဘုရားတို့ မသိဘူး၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

သင်္ခတတရားကို မသိဘူးတဲ့၊ မသိတော့ သင်္ခတတရား ဖြစ်လည်း ပြုပြင်လို့ပေါ်လာတဲ့တရား ပြုပြင်မှုသိမ်းရင် ပျက်တယ်ဆိုတာလည်း အရှင်ဘုရားတို့ မသိဘူးတဲ့. . . (မှန်ပါ့)။

မှန်ကော မမှန်ဘူးလား . . . (မှန်ပါတယ်ဘုရား) ပြုပြင်လို့ပေါ်လာတဲ့တရားဟာ ပြုပြင်မှုမရှိတော့. . . (ပျက်သွားပါတယ်ဘုရား)။

ဒါဖြင့် ပြုပြင်တုန်းက ပေါ်လာတာကအဖြစ်ပေါ့. . . (မှန်ပါ့) ပြုပြင်မှုသိမ်းတော့ . . . (ပျက်သွားပါတယ်ဘုရား) ဒါဖြင့် မင်းတို့သန္တာန်မှာ ဖြစ်ပျက်ပဲရှိတယ် . . . (မှန်ပါ့)။

## တစ်ကိုယ်လုံးမှာဖြစ်ပျက်ပဲရှိတယ်

တစ်ကိုယ်လုံးမှာဘာရှိသလဲ . . . (ဖြစ်ပျက်ပဲရှိပါတယ်ဘုရား) ဖြစ်မှုနဲ့ ပျက်မှုပဲရှိတယ် . . . (မှန်ပါ့) ဝေဒနာ ကြည့်လိုက်ပြန်ကော . . . (ဖြစ်မှုနဲ့ ပျက်မှုပဲ ရပါတယ်ဘုရား) စိတ်ကြည့်လိုက်ပြန်ကော . . . (ဖြစ်မှုနဲ့ ပျက်မှုပါပဲဘုရား)။

အဲဒါတွေရှိလျက်သားနဲ့ အရှင်ဘုရားတို့က ဒီဟာတွေတော့ နားမလည်ဘူး၊ အနိစ္စတရား၊ သင်္ခတတရား၊ ပဋိစ္စသမုပ္ပန္န တရားအကြောင်းကြောင့် ဖြစ်တာတွေ ဒါတွေကိုအရှင်ဘုရားတို့က ဒိဋ္ဌိသုံးမျိုးယူထားတယ်တဲ့၊ သဿတ, ဉစ္ဆေဒ, အမရာ ဝိက္ခေပဆိုတဲ့ ဒိဋ္ဌိသုံးမျိုးယူထားတာ အရှင်ဘုရားတို့နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်နေတာတဲ့၊ ပေါ်လာပြီ ဒကာ ဒကာမတို့ . . . (ပေါ်လာပါပြီဘုရား)။

## ဒိဋ္ဌိဖြစ်ရခြင်းအကြောင်း

ဒိဋ္ဌိ ဘယ့်နှယ်ကြောင့်ဖြစ်သတုံး. . . (နှလုံးသွင်းမှားလို့ပါဘုရား)

၁။ နံပါတ် အရှင်ဘုရားတို့နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်ပါတယ်တဲ့။

၂။ နံပါတ်ကတော့ သူများဟောတဲ့တရားကိုတရားနာမှားလို့ဖြစ်ပါတယ်တဲ့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း နှစ်ကြောင်း၊ ကိုယ်, ကိုယ်တိုင်နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်ခြင်းတစ်ကြောင်း . . (မှန်ပါ့) ဒါ. . . နုတ်(note) လုပ်ရမယ်၊ နုတ်(note) ဒကာ • ဒကာမတွေ. . . (မှန်ပါ့)။

ကိုယ်, ကိုယ်တိုင်နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်ခြင်း တစ်ကြောင်း ရှင်းပြီနော် (ရှင်းပါပြီဘုရား) တရားနာမှားလို့ (ဒိဋ္ဌိဖြစ်ခြင်းတကြောင်း) ဘယ်နှစ်ကြောင်းရှိသလဲ (နှစ်ကြောင်းပါဘုရား)။

ဒါကို ဒီနေ့ညဘုန်းကြီးတော်တော်ရှင်းရမယ်တဲ့-ရှင်းပေးရမယ်၊ ဦးမြ-တော်တော်ရှင်းရမယ်နော်. . . (မှန်ပါ့) ဦးနေဖူးကြီး သေသေချာချာမှတ်ပါ၊ ဘာဘူ သေသေချာချာမှတ် (မှန်ပါတယ်ဘုရား)။

ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း ဘယ်. . . နှစ်ကြောင်းပါ လိမ့် . . . (နှစ်ကြောင်းပါဘုရား) ၁-နံပါတ် ဘာတဲ့. . . (နှလုံးသွင်းမှားလို့ပါဘုရား)။

## ၁။ နှလုံးသွင်းမှားလို့

ဪ. . . ခန္ဓာကိုယ် ကြည့်လိုက်တဲ့အခါ ဖြစ်ပြီးပျက်နေတာ အနိစ္စ၊ နိစ္စလို့ ထင်တာနဲ့ နှလုံးသွင်းက မှားသွား ပြီ . . . (မှန်ပါ့) မမှားဘူးလား . . . (မှားပါတယ်ဘုရား)။

အနိစ္စကို နိစ္စ . . . . လို့ နှလုံးသွင်းမှားလိုက်တာ တစ်ခါတည်း ခိုင်တယ်ဆိုတဲ့ သဿတဘက်ကို ဦးအောင်ဇံဝေ မပြေးဘူးလား (ပြေးပါတယ်ဘုရား) ဒါ . . . ဘယ့်နှယ်ကြောင့် တုံး (နှလုံးသွင်းမှားလို့ပါဘုရား)။

နှလုံးသွင်းမှားလို့၊ ဪ. . . ဒါ ပွိုင့် (Point) ကလေးတစ်ခုပဲ၊ ဒါကလေးဟာ အရေးကြီးပါလားဆိုတာ နှလုံးသွင်းမှန်အောင် ဆရာဘုန်းကြီးက ပြောပေးဖို့ရာနဲ့ နှလုံးသွင်း ကိုယ့်ဟာကိုယ်မှန်ဖို့ကို မောင်မြင့်တို့က ဪ. . . ငါ နှလုံးသွင်းမှန်လာပြီဆိုတာ ဖြစ်ပျက်တွေ့မှ နှလုံးသွင်းမှန်လာတာ (မှန်ပါ့)၊ ဖြစ်ပျက်မတွေ့သေးတဲ့ ပုဂ္ဂိုလ်များမှာဖြင့် . . . (နှလုံးသွင်းမမှန်သေးပါဘုရား)။

## ဖြစ်ပျက်မတွေ့ရင် နှလုံးသွင်းမမှန်သေးဘူး

အလျှုကြီးတွေလှူ မဏ္ဍပ်ကြီးတွေထိုး၊ ဘာလုပ်နေနေ နှလုံးသွင်းက မမှန်သေးဘူး (မှန်ပါ့) ဖြစ်ပျက်မတွေ့သေးရင် နှလုံးသွင်းမှန်ပလား . . . (မမှန်သေးပါဘုရား) ဦးမြ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ၁-နံပါတ်မှာ နှလုံးသွင်းမှားလို့ အရှင်ဘုရားတို့ ပြောတဲ့ ဒီအယူဆယ်မျိုးဟာ ဒိဋ္ဌိဖြစ်တာ . . . (မှန်ပါ့) ဒါ. . . သောတာပန်က စွဲချက်တင်လိုက်တယ်နော် . . . (မှန်ပါ့)။

ဘယ်သူက စွဲချက်တင်တာတုံး . . . (သောတာပန် က စွဲချက်တင်တာပါဘုရား) အနာထပိဏ်သူဌေးကြီးဆိုတော့ သောတာပန်က တည်ပြီးသား၊ သူက စွဲချက်တင်လိုက်တာ . . (မှန်ပါ့ဘုရား)။

## နှလုံးသွင်းမှားက (၄)မျိုးရှိတယ်

ဒကာ ဒကာမတို့ ဒိဋ္ဌိဟာ ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့် (နှလုံးသွင်းမှားလို့ပါဘုရား) ၁။ အနိစ္စတရားကို နိစ္စထင်နေတာ ကိုးဗျ . . . (မှန်ပါ့) မမှားသေးဘူးလား . . . (မှားပါတယ် ဘုရား) ၂။ ဒုက္ခတရားကို သုခထင်နေရင် . . . (မှားပါတယ် ဘုရား) ၃။ အနတ္တကို အတ္တထင်နေရင် . . . (မှားပါတယ် ဘုရား) ၄။ အသုဘကို သုဘ ထင်နေရင် (မှားပါတယ်ဘုရား) အဲ . . . နှလုံးသွင်းမှားက လေးမျိုးရှိတယ် . . . (မှန်ပါ့)။

ဦးမြ ဘယ်နှစ်မျိုးပါလိမ့် . . . (လေးမျိုးပါဘုရား) ဦးအောင်ဇံဝေ . . . (လေးမျိုးရှိပါတယ်ဘုရား) လေးမျိုးရှိပါတယ်နော် . . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် နှလုံးသွင်းများလို့လည်း အရှင်ဘုရားတို့ ဒိဋ္ဌိဖြစ်တာတဲ့ . . . (မှန်ပါ့) ၂-နံပါတ်ပြောပြီ ဒကာဒကာမတို့ ဒါ. . . အရေးတကြီး မှတ်လိုက်စမ်းပါ၊ တရားနာများလို့လည်း ဒိဋ္ဌိဖြစ်တယ် . . . (မှန်ပါ့)။

## ၂။ တရားနာများလို့

၂-နံပါတ်ကဘာတဲ့ . . . (တရားနာများလို့ ဒိဋ္ဌိဖြစ်ပါတယ်ဘုရား) တရားနာများလို့လည်း ဒိဋ္ဌိဖြစ်တယ်ဆိုတာနောက်က ဒကာ ဒကာမတွေ သေသေချာချာမှတ်ပါ . . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဦးမြတို့ ခင်ဗျားတို့ ဦးအောင်ဇံဝေတို့ရှင်းတော့မယ်နော် (မှန်ပါ့) တရားနာများလို့ ဒိဋ္ဌိဖြစ်တယ်ဆိုတော့ အို. . . မင်းလုပ်လို့ရှိရင် မင်းပဲ နတ်ဖြစ်မှာပေါ့ကွ . . . ဘယ်သူဖြစ်စရာရှိသေးသတုံးတဲ့ . . . (မှန်ပါ့)။

ဦးမြ ဒီတရား မှန်သလား . . . မှားသလား . . . (မှားပါတယ်ဘုရား)။

မင်းလုပ်ရင် မင်းပဲ နတ်ဖြစ်မှာပေါ့ကွ . . . တဲ့၊ ဒကာ ဒကာမတို့ သူက ကမ္မဿကတဉာဏ်လောက် ဟောထားတာ ကိုး . . . (မှန်ပါ့) ကမ္မဿကတဉာဏ်ကလေး ဟောထားတာ ဦးမြရဲ့ (မှန်ပါ့) သစ္စဉာဏ်ပါရဲ့လား . . . (မပါ-ပါဘုရား)။

မပါတော့ ဒီဥစ္စာ မင်းလုပ်ရင် မင်းဖြစ်တာပေါ့၊ မင်း သွားရမှာပေါ့၊ အဲဒီနေရာမှာ မင်းနေရမှာပေါ့၊ ဟောတဲ့လူက ဟောပြီ (မှန်ပါ့) မဟောသေးဘူးလား . . . (ဟောပါပြီဘုရား) ဘာဒိဋ္ဌိသူဟောနေတာတုံးမေးရင် (သဿတဒိဋ္ဌိ ဟောပါတယ် ဘုရား)။

ဒီလိုဟောတော့ ဒကာ ဒကာမတွေကလည်း စာအုပ်က ရေးလို့ဖြစ်စေ၊ လူကြီးသူမက ပေးလို့ဖြစ်စေ ယုံကောမယုံကြည် ဘူးလား . . . (ယုံပါတယ်ဘုရား)။

## ငါလုပ်မှငါရတာပဲ

ဩော်. . . ငါလုပ်မှ ငါရတာပဲ၊ ဘယ့်နှယ်တုံး. . . (မှားပါတယ်ဘုရား) ဦးမြ ငါ-လုပ်မှ ငါရတာပဲဆိုတဲ့ အသွား မလာဘူးလား၊ လာသလား . . . (လာပါတယ်ဘုရား)။

ဒါဖြင့် ဦးအောင်ဇံဝေ ဒါ ဘယ့်နှယ်ကြောင့် ဒီအယူ ကြီး ယူလိုက်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ရှိရင် ဦးမြက အဖြေထွက်လိုက်. . . (တရားနာမှားလို့ပါဘုရား) တရားနာ

မှားလို့၊ မမှားသေးဘူးလား (မှားပါတယ်ဘုရား) ဘယ်လိုမှား သတုံးဆိုတော့ ကမ္မဿကတဉာဏ်သာဟော၍ လက္ခဏာရေး သုံးပါး ဉာဏ်မဟောဘူး . . . (မှန်ပါ့) ဟောသေးရဲ့လား. . . (မဟောပါဘုရား) သစ္စဉာဏ်ကော . . . (မဟောပါဘုရား)။

ဒါဖြင့် သစ္စဉာဏ်နဲ့လက္ခဏာဉာဏ်ကိုမှ လက္ခဏာရေး သုံးပါးဖြစ်ပျက်ကိုမှ မဟောဘဲနေလို့ရှိရင် ဒီ-သဿတဒိဋ္ဌိ ပြုတ် ဖို့ ဘယ့်နှယ်နေသလဲ . . . (မပြုတ်နိုင်ပါဘုရား)။

## တရားနာမှားလို့ သဿတဒိဋ္ဌိဖြစ်

ဒါဖြင့် တရားနာမှားလို့လည်း သဿတဒိဋ္ဌိဖြစ်တယ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

တရားနာမှားလို့ (သဿတဒိဋ္ဌိဖြစ်ပါတယ်ဘုရား) အင်း. . . ဒီဒကာ ဒကာမတွေ ကံကောင်းသေးတယ်နော်၊ မောင်မြင့် ကံကောင်းသေးတယ်လို့ ဟောတယ် (မှန်ပါ့) ဘာဖြစ် လို့တုံးဆိုလို့ရှိရင် ခင်ဗျားတို့ သားနဲ့ သမီးနဲ့ ဆုံးမနေတဲ့ စကားထဲမှာ နင်လုပ်ချင်လုပ် နင်မလုပ်ချင်နေ၊ ကုသိုလ်ရေးပဲ နင်မလုပ် နင်မရမှာပေါ့၊ အမေမိဘကလည်း ဦးမြပြောဖူးရဲ့လား . . . (ပြောဖူးပါတယ်ဘုရား)။

အင်း. . . ခင်ဗျားတို့ ဘာဒိဋ္ဌိနဲ့ပြောလိုက်တာတုံး (သဿတဒိဋ္ဌိနဲ့ ပြောလိုက်တာပါဘုရား) ကိုယ်ကိုယ်တိုင် ကလည်း ဒီအယူရှိ၊ မရှိ . . . (ရှိပါတယ်ဘုရား)။

ဟာ. . . ဒါဖြင့် တရားနာမှားတာနဲ့ သွားပြီ၊ သဿတ ဒိဋ္ဌိ . . . (မှန်ပါ့) ကုသိုလ်မရဘူးလား . . . (ရပါတယ်ဘုရား) နိဗ္ဗာန်ရမလား . . . (မရပါဘုရား)။

ဒါကို ဒီအထဲကို သေသေချာချာသွင်းရမယ်. . . (မှန်ပါ့) မောင်အောင်ချို အရေးမကြီးဘူးလား (ကြီးပါတယ် ဘုရား)။

ဒါဖြင့် တရားနာမမှားဖို့ အရေးဟာလည်း ဒကာ ဒကာမတို့ ဟောဒီ ဦးအောင်ဇံဝေတို့လို အသက်ကြီးတွေ၊ ကိုပေါ်တို့လို ဦးအောင်မြတ်တို့လို ပုဂ္ဂိုလ်တွေ တော်တော် အရေးကြီးပါလားဆိုတာ ယနေ့မပေါ်သေးဘူးလား (ပေါ်သွား ပါပြီဘုရား)။

## ဆရာကောင်းကိုရှာစမ်းပါ

တော်တော် အရေးကြီးတယ်နော် . . . (မှန်ပါ) ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးအကြိမ်ပေါင်း (၁၇၉၂ ကြိမ်) ဆရာရှာကွ, မှာတော်မူတာများ ကျေကျေနပ်နပ် သဘောကျ ဖို့ကောင်းတယ် . . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်တုံး . . . (ဆရာရှာခိုင်းပါတယ်ဘုရား) ဟုတ်တိုင်းမှန်စွာကို မင်းတို့ဒိဋ္ဌိခွာပြီး ပြောတတ်တဲ့ဆရာကို ရှာစမ်းပါကွဆိုပြီး ဘုရားက ၄၅-ဝါတည်း နေသွားတာ ၁၇၉၂

ကြိမ်တိုင်တိုင် မှာတယ်ဆိုတော့ သာမညအရေးကြီးတဲ့စကား လား (အများကြီး အရေးကြီးပါတယ်ဘုရား) အလွန်အရေးကြီး တဲ့စကားဆိုတာ သေချာကြပလား . . . (သေချာပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့အတွက်ဟာ အင်မတန်သနား စရာကောင်းတယ်ဆိုတာ ပေါ်လာတယ် . . . (မှန်ပါ့) ဦးမြ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

## ကမ္မဿကတဉာဏ်လောက်သာဟောတယ်

ဒီ. . . ကမ္မဿကတဉာဏ်လောက်သာ ဟောထား မယ်ဆိုရင် သက္ကာယဒိဋ္ဌိက ပြုတ်ကိုမပြုတ်ဘူး . . . (မှန်ပါ့) ပြုတ်ပါ့မလား (မပြုတ်ပါဘုရား)။

ကွာ မင်းဆောက်ထားတဲ့ကျောင်း မင်းဆောက်ထားတဲ့ တန်ဆောင်းတွေကြောင့် အခုလောက်ရှိ နတ်ပြည်မှာ ဘုံပေါက် ပြီး မင်းသေရင် စိတ်ချရပြီကွာ၊ မင်းသွားရမှာကွ၊ မင်းပဲရမှာပဲ တဲ့၊ မင်းသွားပြီး ခံစားရဦးမှာဆိုတော့ သွားရဦးမှာ သူ့ဟာက (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒီက သွားနိုင်တဲ့ ရုပ်နာမ်များ ပါရဲ့လား . . . (မပါ- ပါ) မပါတာကိုပင်လျှင် သဿတဒိဋ္ဌိနဲ့ ဦးမြကြီး တစ်ခါတည်း သွားတယ်၊ အဓိပ္ပာယ်ကော မလာဘူးလား . . . (လာပါတယ် ဘုရား) ဘာဒိဋ္ဌိပါလိမ့် . . . (သဿတဒိဋ္ဌိပါဘုရား)။

## ဆရာကောင်းအင်မတန်လိုတယ်

ဟာ . . . ဒါဖြင့် ဒကာ ဒကာမတွေ အင်မတန်မှ ဆရာကောင်းလိုပါလားဆိုတဲ့ဉစ္စာ ခင်ဗျားတို့ နဖူးပေါ် လက်တင်ပြီး စေ့စေ့တွေးတော့မှ ဩော် . . . တို့ကလည်း သူများပါးစပ်လမ်းဆုံးနေတာနဲ့ ခက်ပါသေးရဲ့ဆိုပြီး ကျုကျုချ ငိုဖို့ကောင်းတယ် (မှန်ပါ့) ငိုဖို့မကောင်းဘူးလား . . . (ကောင်း ပါတယ်ဘုရား)။

ခက်ပါသေးရဲ့၊ ကိုယ်ကလည်း ဘာမှမသိ၊ သူများ ပါးစပ်လည်း လမ်းဆုံးနေပြန်တယ်ဆိုတော့ ဦးမြ ဘယ့်နှယ်နေ သလဲ (ကျုကျုချငိုဖို့ ကောင်းပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် ကဲ . . . သစ္စသံယုတ်ကို ဦးမြထည့်လိုက် ဦးမယ်နော် (မှန်ပါ့) သစ္စသံယုတ်မှာ မြန်မာလိုပဲ ပြောပါမယ်၊ မင်းတို့သူများပါးစပ် လမ်းဆုံးနေကြတယ်၊ ဆရာ မကောင်းဆီ မှာ လမ်းဆုံးနေလို့ရှိရင် မင်းတို့ ကျောက်တိုင်မဖြစ်ဘဲနဲ့ ဝါဂွမ်း ဖြစ်မယ်ကွာတဲ့ ဟောပြီ သစ္စသံယုတ်မှာ . . . (မှန်ပါ့)။

## ဝါဂွမ်းမဖြစ်ပါစေနဲ့

ဘာတဲ့တုံး (ကျောက်တိုင်မဖြစ်ဘဲနဲ့ ဝါဂွမ်းဖြစ်လိမ့် မယ်တဲ့ဘုရား) ဝါဂွမ်းဆိုတာ ဟိုဘက်ဒါနသန်တဲ့ဆရာက

ဟောလိုက်လို့ရှိရင်လည်း ဒါနဘက်ယိုင်သွားတာပဲ . . . (မှန်ပါ့ဘုရား)။

သီလသန်တဲ့ ဆရာက ဟောလိုက်ပြန်တော့ . . . (သီလဘက်ယိုင်သွားပါတယ်ဘုရား) ခုနင်က မိစ္ဆာဒိဋ္ဌိ ဟောတော့လည်း မိစ္ဆာဒိဋ္ဌိဘက် ယိုင်သွားတာပဲ . . . (မှန်ပါ့ ဘုရား)။

သူများမှတ်သလို လွင့်သွားတဲ့ ခန္ဓာကိုယ်ကိုးဗျ (မှန်ပါ့) ဒါဖြင့် ဝါဂွမ်းနဲ့ တူမတူ (တူပါတယ်) ရှင်းပလား . . . (ရှင်းပါ ပြီဘုရား)။

ဒါဖြင့် မင်းတို့ သူများပါးစပ်လမ်းဆုံးတယ်ဆိုတာ ခုနင် က တရားနာမှားတာ ဒါကိုဆိုတာပဲ (မှန်ပါ့) သူများပါးစပ် လမ်းဆုံးတယ်ဆိုတာ ဘာတုံး . . (တရားနာမှားတာဆိုတာပါ ဘုရား)။

## ကျောက်တိုင်ဖြစ်အောင်လုပ်ပါ

အဲဒီတော့ သစ္စသံယုတ်မှာ ကျောက်တိုင်ဖြစ်အောင် မင်းတို့လုပ်ပါတဲ့၊ ဝါဂွမ်းအဖြစ်နဲ့ မင်းတို့နေလို့ရှိရင်ဖြင့် သံသရာ ခရီးမှာ မင်းတို့သည်ကား . . . လို့ဆိုရင်ဖြင့် လွင့်ချင်သလို လွင့် တော့မယ်လို့ သေသေချာချာ ဟောတာပဲ . . . (မှန်ပါ့) ရှင်း ပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက် မသိသေးတဲ့ ပုဂ္ဂိုလ်အတွက်မှာ ဘယ်လိုစဉ်းစားကြမယ် . . . (ဝါဂွမ်းဖြစ်နေပါတယ်ဘုရား) ဝါဂွမ်းပဲနော် . . . (မှန်ပါ့ဘုရား)။

ဝါဂွမ်းဆိုတော့ ဒီက လေတိုက်လိုက်တယ်ကွာ. . . ဟိုဘက်မှာ န္ဒားကျင်းကြီး, လူကျင်းကြီးထဲလည်း မကျဘူးလား ကျမလား . . . (ကျပါမယ်ဘုရား) တစ်ခါ, ဟိုကနေ အောက်လေက ပင့်လိုက်ပြန်တဲ့အခါ ဟို-မီးပုံထဲကော . . . (ကျပါတယ်ဘုရား)။

ဦးမြ ဝါဂွမ်းနေရာ မြဲရဲ့လား . . . (မမြဲပါဘုရား) အဲဒါ ဘာကြောင့်တုံး . . . လို့မေးတော့ ဖြစ်ပျက်ဒုက္ခသစ္စာကို မသိလို့ (မှန်ပါ့) ဘယ်လောက်နစ်နာသတုံး (နစ်နာပါတယ်ဘုရား)။

## ဒုက္ခဆုံးမှ နိဗ္ဗာန်

ဖြစ်ပျက်ဟာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ) အဲဒီဒုက္ခသစ္စာသိထားတော့ အင်း. . . ဒုက္ခသစ္စာ သိတဲ့ ဒုက္ခဖြင့် ဒုက္ခဆုံးမှ နိဗ္ဗာန်ဆိုတာဟုတ်တာပဲ၊ ဒါရှိနေရင် နိဗ္ဗာန် မဟုတ်သေးဘူး . . . (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ သစ္စာသိထားတဲ့ ပုဂ္ဂိုလ်ကျတော့ သူများက မင်း. . . ခံစားရလိမ့်ဦးမယ်ဆို အို. . . မင်း-မရှိပါဘူး. . .

ဒုက္ခသစ္စာရှိတာပဲ၊ အဖြေကထွက်လာပြီ . . . (မှန်ပါ့) မထွက်သေးဘူးလား . . . (ထွက်ပါပြီဘုရား)။

သူကောရှိရဲ့လား (မရှိပါဘုရား) အပြောသာ သူရှိတာပါ၊ တကယ်ရှိတာတော့ . . . (ဒုက္ခသစ္စာ ရှိတာပါ) ဖြစ်ပျက်ဒုက္ခသစ္စာပဲရှိတယ်. . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်. . . မောင်မြင့်တို့ ဒီတရားထူး, တရားမြတ်ကို မောင်အောင်ချီတို့ မနာရတော့ဘူး၊ မပြုရတော့ဘူး၊ ဒီအလုပ်မှာ ဉာဏ်မထည့်မိဘူးဆိုရင် ဦးမြ ခုနင်က အကြီးဆုံးဒိဋ္ဌိက ဘယ်လိုထွက်သွားမလဲ ခန္ဓာထဲက (မထွက်နိုင်ပါဘူးဘုရား)။

မထွက်နိုင်လို့ရှိရင် အကြီးဆုံးအပြစ်သင့်မည့်ဥစ္စာတွေဟာ ဒီဟာ နားမလည်တဲ့ပုဂ္ဂိုလ်တွေပဲ (မှန်ပါ့) ပဥ္စာနန္တရိယကံထက် ကြီးတဲ့အပြစ်ကို သင့်နေတာ . . . (မှန်ပါ့)ဘယ်လောက်ကြောက်စရာကောင်းသတုံး . . . (ကြောက်စရာကောင်းပါတယ်ဘုရား)။

## ကျောက်ကလေးချေးကောင်းမိလို့ ပြုံးနေတယ်

အဲဒီတော့ . . . ခင်ဗျားတို့က ကျောက်တွင်းကလေးတူးလို့ ကျောက်ကလေးရလို့ ချေးကောင်းကလေးမိလို့ ပြုံးများနေလိုက်သေးတယ်၊ ဟိုနက်ဖြန် အဝီစိသွားမှာကိုတော့ သိမှ, မသိဘဲ . . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ ကျောက်ကို အဖိုး မတန်ဘူးလို့ ဘုန်းကြီးက လောကီမျက်လုံး နားမလည်လို့ မဟုတ်ပါဘူး၊ ခင်ဗျားတို့က အတန်ကြီးထင်ပြီး သကာလ တစ်ကယ့်တန်တာကို မသုံးဘဲနေလို့ ပြောနေတာပါ . . . (မှန်ပါ့)။

## နက်ဖြန်အဝီစိသွားမှာ

တစ်ကယ့်အရေးကြီးတဲ့အလုပ်ကို မသုံးဘဲ, မလုပ်ဘဲနေတော့ ယနေ့ထောပတ်ထမင်း, ဒန်ပေါက်ထမင်းစားပြီး နက်ဖြန် အဝီစိသွားမှာကို ထောပတ်ထမင်း, ဒန်ပေါက်ထမင်း လောက် မခင်ဘဲဖြစ်နေလို့ ဒါလောက်ဟောနေတာပါ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ. . . ဒါဖြင့် တရားနာမှားလို့လည်း ဒိဋ္ဌိဖြစ်ခြင်းဆိုတဲ့ဥစ္စာသည် ကမ္မဿကတဉာဏ်လောက်နဲ့ မရသေးဘူး. . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား) ကောင်းတာ လုပ်ရင် ကောင်းကျိုးပေးတယ် ဆို တာကလေးလောက် နဲ့ မရသေးဘူး. . .၊ သဘောကျပလား (ကျပါပြီဘုရား)။

## မိစ္ဆာဒိဋ္ဌိက ရှိလျက်ပဲ

ကောင်းတာလုပ် ကောင်းကျိုးပေးတယ်ဆိုတာနဲ့ . . . (မရသေးပါဘုရား) မရသေးဘူး၊ လိုသေးတယ်ဆိုတဲ့ဥစ္စာကို

ဘာကြောင့် လိုသတုံးဆိုတော့ အို. . . ဖြစ်ပျက်ဒုက္ခသစ္စာ ခန္ဓာထဲမှာ ဖြစ်မှုနဲ့ ပျက်မှု အနိစ္စခန္ဓာကိုယ်၊ "သင်္ခါရာ အနိစ္စာ, သင်္ခါရာဒုက္ခာ, သဗ္ဗေဓမ္မာအနတ္တာ" တွေကို ဉာဏ်ထဲမှာ မရောက်သေးသ၍ ကာလပတ်လုံးဖြင့် ငါကလည်း မပြုတ်တော့ မိစ္ဆာဒိဋ္ဌိကရှိလျက်ပဲ . . . (မှန်ပါ့) မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)။

အင်း. . . ငါတော့ ကြိုးစားလုပ်ရမှာပဲ၊ ဒါမှ ငါ့နောက်ပါမှာကိုး၊ ငါတော့ ရှေ့ကသွားတောမယ်ပေါ့လေ၊ သူကနောက်က လိုက်ဦးမယ် . . . (မှန်ပါ့)။

ဘယ့်နှယ်တုံး . . . ဦးမြ ဒီလိုပဲ ယူတော့မလား. . . (မှန်ပါ့) ငါကဘာတုံး . . . (ရှေ့ကသွားမယ်) လူ့ဒါန်း, ပေးကမ်းတာက ငါ့နောက်လိုက်မယ် . . . (မလိုက်ပါဘုရား)။

ဟာ. . . အခုတော့ပါးပြီပေါ့ ခင်ဗျားက၊ ဟင်. . . (မှန်ပါ့) နဂိုက ဒီဉစ္စာ ငါလုပ် ငါ့နောက်လိုက်မှာပေါ့၊ ဒီအယူ, ယူထားတာ . . . (မှန်ပါ့)။

## ဆောင်ပေးထားတာ၊ တကယ်မယူပါနဲ့

ငါကလည်း ရှေ့ကပြေးမယ်၊ နောက်ကလည်း ပြုလုပ်ထားတာတွေက ငါ့နောက်လိုက်ဦးမယ်ဆိုတော့ ဘုရားမဟောဘူးလားလို့မေးတော့ ဦးအောင်ဇံဝေရဲ့ ဟောတယ် . . .

(မှန်ပါ့ဘုရား) ဆောင်ပေါ့ထားတာ၊ မင်းတို့ နားလည်မှု ပြောထားတာ တကယ်မယူပါနဲ့ ပြောထားတာ . . . (မှန်ပါ့)ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) နိယျတ္တဒေသနာတဲ့ ဦးမြ. . . (မှန်ပါ့)။

ဘာဒေသနာတဲ့တုံး . . . (နိယျတ္တဒေသနာပါဘုရား) ဒီလိုမှ မပြောရင် နားလည်မှာမဟုတ်လို့ ပြောချလိုက်တာ (မှန်ပါ့ဘုရား) စင်စစ်တော့ ဘယ်ဟာမှ မလိုက်ဘူး၊ ဒီအကြောင်းချုပ်ပြီးတော့ ဟို. . . အကျိုးပေါ်တာပဲရှိတယ်၊ ဒီဘက်က ဘယ်သူမှ မလိုက်ဘူး . . . (မှန်ပါ့)။

## ဒီဘက်ကရုပ်နာမ်ကမလိုက်ပါ

ဒီဘက်က ရုပ်နာမ်က ဘယ့်နှယ်တုံး . . . (မလိုက်ပါဘုရား) နို့မဟုတ် ရုပ်နာမ်ချင်းဆက်နေရင် သဿတဖြစ်ဦးမှာပေါ့ . . . (မှန်ပါ့) မဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ် ဘုရား)။

ဒီက ရုပ်နာမ်က ဒီမှာ လျှဒါန်း, ပေးကမ်းတဲ့ ရုပ်နာမ်က ဒီတွင် ချုပ်ခဲ့တယ်၊ ဟိုမှာ ရုပ်နာမ်က အလားတူပေါ်တယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

နိဗ္ဗာန် မရသေးရင် ဦးမြ ဘာတဲ့ဟိုမှာ ဘာပေါ်မှာတုံး (အလားတူရုပ်နာမ်ပေါ်ပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား) ဒီက ရုပ်နာမ်တစ်တိုတစ်စ လိုက်သေးရဲ့လား (မလိုက်ပါဘုရား) သေချာပလား . . . (သေချာပါပြီဘုရား)။

အဲဒါကလည်း ခင်ဗျားတို့ အပြောသေချာလို့ မဖြစ်ဘူး၊ ဪ-ဒီနေရာကလေး ယားတဲ့ ဝေဒနာကလေးဟာ မောင်အောင်ချီ ဒီနေရာမှာပဲ ချုပ်တာပဲ . . . (မှန်ပါ့) ဘယ်လို လိုက်သေးသတုံး . . . (ဘယ်မှ မလိုက်ပါဘုရား) ဟိုနေရာ ယားပြန်တော့ကော . . . (ဟိုနေရာတွင် ချုပ်ပါတယ်ဘုရား)။

ဟိုနေရာယားတဲ့အခါ ဟိုနေရာတွင် ချုပ်တာပဲ. . . (မှန်ပါ့) ဒါ. . . ခန္ဓာတွေမဟုတ်လား . . . ဝေဒနာက္ခန္ဓာတွေ မဟုတ်လား . . . (မှန်ပါ့) လိုက်နိုင်ရဲ့လား . . . (မလိုက်နိုင် ပါဘုရား)။

သိတဲ့စိတ်ကလေးဟာကော သိပြီးချုပ်သွားတာပဲ မဟုတ်လား . . . (မှန်ပါ့) စိတ်ဟာ ဝိညာဏက္ခန္ဓာမဟုတ်လား (မှန်ပါ့) ဒီခန္ဓာ ဘယ်လိုက်မတုံး . . . (ဘယ်မှ မလိုက်ပါ ဘုရား) ဘယ်မှ မလိုက်ဘူးဆိုတာ မသေချာဘူးလား (သေချာ ပါတယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အဲဒါလောက်ဆိုတော့ တရားနာ မှားလို့ ဘာဖြစ်တတ် သလဲ . . . (ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

## အောက်တန်းတရားက ဒိဋ္ဌိမပြုတ်နိုင်

ဒါဖြင့် ဗုဒ္ဓဘာသာတရားထဲတောင် အောက်တန်း တရားဆိုလို့ရှိရင် ဦးမြ ဘာဖြစ်နိုင်သတုံး . . . (ဒိဋ္ဌိမပြုတ်ပါ ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီပြင် မိစ္ဆာဒိဋ္ဌိတွေ ပြောတဲ့တရားဆိုတာတော့ ဘုန်းကြီးတို့က ထည့်ကိုမထည့်တော့ဘူး . . . (မှန်ပါ့) ဒါ. . . ဒိဋ္ဌိအစစ်တွေပဲ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဗုဒ္ဓဘာသာတောင်မှ ကမ္မဿကတဉာဏ်ဟာ ဒိဋ္ဌိမခွာနိုင်ဘူးလို့ ပဏ္ဏာသမှာ သေသေချာချာလာတယ် . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အင်မတန် အရေးမကြီးဘူးလား . . . (ကြီးပါတယ်ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ဘယ်နှစ်ကြောင်းပါ လိမ့် (နှစ်ကြောင်းပါဘုရား)၊ ဘာပါလိမ့် (နှလုံးသွင်းမှားနှင့် တရားနာမှားမှုပါဘုရား)။

## ဖြစ်ပျက်တွေ့ကြတော့၊ ကံကြီးတွေကုန်ပြီ

ကိုင်း- အခုတော့ဖြင့် ဆရာသမားကလည်း မမှားဘူး ပြောနေတာ၊ မင်းတို့ကလည်း နှလုံးသွင်းမမှားလို့ ဖြစ်ပျက်တွေ့ကြပြီဆိုတော့ ဩော်-ငါတို့ ကံကြီးတော့ဖြင့် ကုန်ပြီပေါ့. . . (မှန်ပါ့)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အပါယ်ကျမည့်ကံကြီးတွေကတော့ (ကုန်ပါတယ်ဘုရား)၊ ဒါဖြင့် ဦးမြအတော်အားကိုးထိုက်တယ်. . . (မှန်ပါ့)၊ ဘယ့်နှယ်တုံး ဦးအောင်ဇံဝေ (အားကိုးထိုက်ပါတယ်ဘုရား)၊ အင်မတန်အားကိုးထိုက်တယ်ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ခုနင်က ပြောခဲ့တဲ့ အကြီးဆုံးဒိဋ္ဌိ ဘယ်က လာတယ်ဆိုတဲ့ အကြောင်းကလေးတော့ ပေါ်သွားပြီ. . . (မှန်ပါ့)၊ ဘယ်နှစ်ကြောင်းပါလိမ့်. . . (နှစ်ကြောင်းပါဘုရား)။

နှစ်ကြောင်းကို ဦးမြ ဖြေစမ်းပါ၊ ဘာတုံး. . . (နှလုံးသွင်းမှားလို့တစ်ကြောင်း, တရားနာမှားလို့တစ်ကြောင်းပါဘုရား)၊ ဒီနှစ်ကြောင်းကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်တယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ကိုယ့်ခန္ဓာပျက်စီးနေတာ

ဒါကြောင့် တရားနာတာက မှားတယ်ထားဦးတော့ ခန္ဓာက သက်သေခံတာကို လုံလောက်အောင်ကြည့်ပါ (မှန်ပါ့)၊ခန္ဓာက ဟိုနေရာမှာ ရွရွ, ရွရွနဲ့ ပျက်စီးလိုက်၊ ဒီနေရာယားတာ ပေါ်လာတာ ပျက်စီးလိုက်၊ ရုပ်က ပျက်စီးလိုက်၊ ဝေဒနာက ပျက်စီးလိုက်, စိတ်က ပျက်စီးလိုက်ဆိုတော့ ဒါတွေ ဘယ်သူပျက်စီးနေတာတုံးမေးတော့ မောင်အောင်ချိုရှုလို့ရှိရင် မောင်အောင်ချို ခန္ဓာ ပျက်စီးနေတာ. . . (မှန်ပါ့)၊ လှညွန့်ရှုလို့ရှိရင်. . . (လှညွန့် ခန္ဓာပျက်စီးပါတယ်ဘုရား)၊ မောင်မြင့် ရှုရင် . . . (မောင်မြင့် ခန္ဓာပျက်စီးပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာဘာမက်စရာရှိသတုံးကွ၊ မဟုတ်ဘူးလား (မှန်ပါ့)၊ မင်းလုပ် မင်းရမှာပဲဆိုတော့ ဒီခန္ဓာ ဟိုကိုသွားသေးသလား. . . (မသွားပါဘုရား)။

မသွားတာကိုပင် သွားတဲ့အဓိပ္ပါယ်မျိုးနဲ့ တချို့ဦးမြ အယူမရှိဘူးလား-ရှိသလား. . . (ရှိပါတယ်ဘုရား)။

## ဝိညာဉ်မချုပ်နိုင်သေးဘူးတဲ့

ရှိတယ်တဲ့၊ ဟိုတစ်နေ့က ပြောခဲ့တဲ့ မချုပ်နိုင်သေးဘူး။ ဝိညာဉ်ကလေးဟာ သွားစရာ တွယ်စရာ မရှိသေးလို့ဆိုတော့ ဒါ-ဝိညာဏက္ခန္ဓာ သွားတာပြောနေတာ. . (မှန်ပါ)။

ဦးမြ ဘာဒိဋ္ဌိဖြစ်သတုံး (သဿတဒိဋ္ဌိပါဘုရား)၊ ဦးအောင်ဇံဝေ. . . (သဿတဒိဋ္ဌိပါဘုရား)၊ ကဲ-ဘယ်လောက် ကြောက်စရာကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား)။

## နှလုံးသွင်းမှန်ကြပြီ

အဲဒါ ဘယ်ကလာသတုံးလို့မေးတော့ ဖြေတတ်ကြပလား၊ ဒီဒိဋ္ဌိ ဘယ်ကလာသတုံး. . . (နှလုံးသွင်းမှားနဲ့ တရားနာမှားကလာပါတယ်ဘုရား)၊ ဒီနှစ်ချက်ကလာတယ်. . . (မှန်ပါ)။

ဒါဖြင့် မင်းတို့နှလုံးသွင်း မမှားအောင်လည်း အခု ဆရာဘုန်းကြီးက ခန္ဓာကို ဆယ့်နှစ်ချက်ပြပြီး အရှုခိုင်းတယ်၊ မပြဘူးလား. . . (ပြပါတယ်ဘုရား)။

## တရားနာမှန်ကြပြီ

နှလုံးသွင်း မမှားရအောင်လို့နော် (မှန်ပါ့) တရားနာတာလည်း မမှားရအောင်လို့ အဲဒီမင်းတို့တွေ့တာကလေးဟာ ဒုက္ခသစ္စာကွ၊ ဖြစ်ပျက်ကလေးဟာ ဒုက္ခသစ္စာကွဆိုတော့ တရားနာကော မှားသေးသလား. . . (မမှားပါဘုရား)။

## ဒို့လုပ်နေတဲ့အလုပ်ဟာ နိဗ္ဗာန်ရောက်ကြောင်းအစစ်ပဲ

ဒါဖြင့် . . . မင်းတို့ နှလုံးသွင်းလည်းမမှား တရားနာကလည်း မမှား၊ နှလုံးသွင်းကလည်း မှန် ဆိုလို့ရှိရင်ဖြင့် ဦးမြတို့ လုပ်နေတဲ့အလုပ်ကြီးတစ်ခုဟာဖြင့် အဖိုးမဖြတ်နိုင်အောင်ကို တန်တဲ့ နိဗ္ဗာန်ရောက်ကြောင်းအစစ်ပဲလို့ ဆုံးဖြတ်ချက်ချပြီး လုပ်. . . (မှန်ပါ့)၊ မဆိုနိုင်ကြဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

တရားက မဆုံးသေးဘူးကွ နာရီက စေ့ပြီ၊ ကဲ. . . ယနေ့ဒီတွင်တော်ကြစို့။

သာဓု. . . သာဓု. . . သာဓု